မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းက ထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၁၄ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၅၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းခတ်မြို့နယ်ရှိ ပြောင်းခင်းနှင့် သီးနှံခင်းများ ကြည့်ရှုစစ်ဆေး ကျိုင်းတုံမြို့နယ် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၈ နာရီတွင် ဝမ်ခုတ်မြို့ ဘွက်ကုန်းစိုက်ကွက်ရှိ တောင်သူဦးအိုက်ဆိုဒ်၏ ဖြစ်ထွန်းအောင်မြင်နေသော ပြောင်းစိုက်ခင်းနှစ်ဧကကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြောင်းစိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်း၍ အကျိုးအမြတ်များစွာရရှိကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စာရင်းဇယားများပြုလုပ်ပြီး ဒေသခံတောင်သူများသိရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ တောင်သူ ဦးအိုက်ဆိုဒ်ကဲ့သို့ ကျန်တောင်သူများအနေဖြင့်လည်း တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို မှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

မိုးစပါး စုပေါင်းစိုက်ပျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု စိုက်ကွင်းအမှတ် (၂၄)၌ ကျင်းပသည့် ကျိုင်းတုံမြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

လေဘေးသင့် ပြည်သူတွေကို ကယ်ဆယ်ကူညီရေးမှာ အလွန်ကျယ်ပြန့်မှု၊ အခက်အခဲအမျိုးမျိုး ရှိမှုတွေကြောင့် ဖြစ်ခဲ့ရတဲ့ အားနည်းမှုလေးတွေကို တစ်ဆိတ်တစ်အိတ်လုပ်ပြီး "လူသားများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု" လို့ ခေါင်းစဉ်တပ် ကြွေးကြော်ခဲ့ကြတဲ့ မိုးလုံးပြည့် မုသာဝါဒီသမားတွေဟာ **SSA-S** ရှက်ဆစ်အဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် ကုန်းလေမုတ်ကျေးရွာမှာ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး ကျူးလွန်ခဲ့တဲ့ သတင်းကိုတော့ ရေငုံနှုတ်ပိတ် လုပ်နေကြတာ တွေ့ရပါတယ်။ အိပ်ချင်ယောင်ဆောင်နေခဲ့ကြပါတယ်။ သတင်းမှောင်ချထားပါတယ်။

လေ့လာသူတစ်ဦး၏ ဆောင်းပါး စာ - ၈ နှင့် ၉

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ သစ်ခွဲသားများနှင့် သစ်လုံးများ ပံ့ပိုးကူညီဖြန့်ဖြူးလျက်ရှိ

နေပြည်တော် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာနမှ လေဘေးသင့်ဒေသများဖြစ်သော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ သစ်ခွဲသားများနှင့် သစ်လုံးများ ပံ့ပိုးကူညီဖြန့်ဖြူးလျက်ရှိရာ ဇွန် ၈ ရက်အထိ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်သို့ သစ်ခွဲသားတန် ၁၀၀၊ သစ်လုံးတန် ၂၀၀၀၊ ရန်ကုန်တိုင်းအတွင်းရှိ ၄၂ မြို့နယ်သို့ သစ်ခွဲသား ၃၇၀၁ တန်ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

ဖြန့်ဖြူးပေးပို့

အလားတူ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ သစ်ခွဲသား ၆၂၆ တန်၊ သစ်လုံးတန် ၅၀၀၊ ကျိုက်လတ်မြို့နယ်သို့ သစ်ခွဲသား ၄၄၃ တန်၊ ဒေးဒရဲမြို့နယ်သို့ သစ်ခွဲသား ၄၆၆ တန်၊ ဘိုကလေးမြို့နယ်သို့ သစ်ခွဲသား ၅၆၅ တန်၊ သစ်လုံးတန် ၂၅၀၀၊ လပွတ္တာမြို့နယ်သို့ သစ်ခွဲသား ၃၈၅ တန်၊ ငပုတောမြို့နယ်သို့ သစ်ခွဲသား ၂၈၉ တန်၊ မော်လမြိုင်ကျွန်းမြို့နယ်သို့ သစ်ခွဲသား ၂၅၂ တန်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်သို့ သစ်ခွဲသား တန် ၂၀၀ ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

ပံ့ပိုးကူညီ

ထို့အပြင် လေဘေးသင့် ဌာနဆိုင်ရာအဆောက်အအုံများဆောက်လုပ်ရန်အတွက် သစ်ခွဲသား ၃၁၇၆ တန်နှင့် တန်ဖိုးနည်း အိမ်ရာများဆောက်လုပ်ရန်အတွက် သစ်လုံး ၂၄၁၄ ဒသမ ၉၄၆ တန်ကို ဖြန့်ဖြူးပေးပို့ခဲ့သည်။

သို့အတွက် သစ်တောရေးရာဝန်ကြီးဌာနမှ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ်များသို့ သစ်ခွဲသားနှင့် သစ်လုံးတန်ချိန် စုစုပေါင်း ၁၇၆၁၇ ဒသမ ၉၄၆ တန်ကို ပံ့ပိုးကူညီဖြန့်ဖြူးပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၁၄ ရက်)

မိုးရာသီ အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရေး မျိုးစပါးနှင့် လယ်ယာသုံးကိရိယာများပံ့ပိုး

ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသအချို့တွင် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပေါင်းစည်းအားကိုအခြေပြုပြီး စေတနာရှင်များ၏ အားပေးကူညီမှုဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းဒဏ်ခံရသည့် ဒေသများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ရေလွှမ်းဒေသများ၊ ဆားငန်ရေဝင်ရောက်ဒေသများတွင် ရေငန်တားတာများ၊ ရေတံခါးများ၊ ရေလှောင်တမံများ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေသကဲ့သို့ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးနေပြီဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသတစ်ခုဖြစ်သည့် ဒေးဒရဲမြို့နယ်၌ ထွန်ရေးလုပ်ငန်းများ တစ်ပြိုင်တည်း လုပ်ကိုင်နိုင်စေရန် လက်တွန်းထွန်စက်အစီး ၁၇၀ ထပ်မံပေးပို့ခဲ့သည်။ ဒေသခံတောင်သူလယ်သမားများက လယ်ယာလုပ်ငန်းခွင် အချိန်မီဝင်ရောက်နိုင်ရေးအတွက် ယခင်ရရှိပြီးဖြစ်သည့် လက်တွန်းထွန်စက် ၁၇၆စီးနှင့်အတူ လယ်ယာမြေများ အမြန်ဆုံးထွန်ယက်နိုင်ရေး ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ဒေးဒရဲမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန် မြေဧကတစ်သိန်းကျော်ရှိသည့်အနက် လက်တွန်းထွန်စက်ဖြင့် ဧက နှစ်သောင်းကျော်၊ ကျွဲ၊ နွားဖြင့် ဧကကိုးထောင်ကျော် စုစုပေါင်းဧက သုံးသောင်းနီးပါး ထွန်ယက်ပြီးစီးနေပြီဖြစ်သည်။ လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ စက်မှုလယ်ယာကူးပြောင်းရေးကို အလေးထားပြီး စိုက်ဧကများ အပြည့်အဝစိုက်ပျိုးနိုင်ရေး လယ်ယာလုပ်ငန်းခွင်သုံးကိရိယာနှင့် နည်းပညာများ ဝိုင်းဝန်းပံ့ပိုးလျက်ရှိသည်။ ထို့ပြင် မျိုးစပါးများကို မိမိတို့ဒေသရှိ စိုက်ပျိုးမြေနှင့် ဖြစ်ထွန်းအောင်မြင်မည့် မျိုးစပါးအလုံအလောက်ရရှိရေး နိုင်ငံတော်က ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးချိန်အမီ လယ်ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာနှင့် စက်သုံးဆီများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းကူညီပေးမှုများနှင့်အတူ တောင်သူလယ်သမားများကလည်း လယ်ယာလုပ်ငန်းကို အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ဧကများ အပြည့်အဝစိုက်ပျိုးလာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသောဒေသများကို နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရေးအတွက်ပါ အစွမ်းကုန် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ၇မိုင်ခွဲ ပြည်လမ်း အမှတ်၄၇(F)နေ ဦးသိန်းဟန်-ဒေါက်တာဒေါ်တင်တင်လှ မိသားစုက ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၆-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အဘာအမည်** သရုပ်ဆောင် လူမင်း၊ ထွန်းထွန်း(Examplez) မျိုးသန္တာထွန်း ဒါရိုက်တာ ဝင်းစိုးထွန်း
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄:၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း -၈)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း -၁၇)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် လားရှိုးကွန်ပျူတာတက္ကသိုလ်၌ ကျင်းပ

ရန်ကုန် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို လားရှိုးမြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်ဝင်းအတွင်း၌ ဇွန်၁ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သစ်တောသစ်ပင်စိုက်ပျိုးမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာသော ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များဖြန့်ဝေပေးကာ သတ်မှတ်နေရာများတွင် ကံ့ကော်၊ ခရေ၊ သစ်လှ၊ ရေမျှော၊ ခါတော်မီ၊ မယ်ဇယ်နှင့် ပိတောက်ပင်များ စုစုပေါင်း ၁၇၅၀ကို စိုက်ပျိုးပေးကြကြောင်း သိရသည်။ (အပေါ်ပုံ) (၀၂၆)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၃

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ယမန်နေ့နံနက် ၁၀နာရီခွဲက သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အလှူရှင်များက လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက လေဘေးသင့်ပြည်သူများအတွက် ပြည်ပအလှူရှင်များ လှူဒါန်းသော အလှူငွေ၊ သင်္ကန်း၊ သီလရှင်ဝတ်စုံ၊ သွပ်၊ ရွက်ဖျင်တဲနှင့် ဆန်အိတ် ၅၀၀တို့ ပေးအပ်လှူဒါန်းမှုကို လက်ခံသည်။ (သတင်းစဉ်)

ဥပဒေအရာရှိ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ ရှေ့နေချုပ် ဦးအေးမောင် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၃

ရှေ့နေချုပ်ရုံး နေပြည်တော်တွင် ဧပြီ၂၈ရက်မှ ဇွန်၁၂ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သည့် ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ရှေ့နေချုပ်ရုံး(မြေညီထပ်) အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး ဦးဝိရှူး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေ့နေချုပ်ဦးအေးမောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်ဆုရရှိသူများအား ရှေ့နေချုပ်က ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ပထမဆုကို (ကသ/၁၇)ဦးဇော်ဇော်ထွေး(ဥ/၂၄၇၈) ဦးစီးအရာရှိ လှိုင်လင်ခရိုင် ဥပဒေရုံးကလည်းကောင်း၊ ဒုတိယဆုကို (ကသ/၇) ဒေါ်လှလှဝင်း(ဥ/၂၅၀၇) ဒုတိယမြို့နယ် ဥပဒေအရာရှိ ညောင်လေးပင်မြို့နယ် ဥပဒေရုံးကလည်းကောင်း၊ တတိယဆုများကို (ကသ/၁၅) ဒေါ်အေးအေးချမ်း(ဥ/၂၄၈၆) ဦးစီးအရာရှိ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ ဥပဒေရုံးနှင့်(ကသ/၂၂) ဦးလေးလွင်(ဥ/၂၄၂၂) ဒုတိယမြို့နယ်ဥပဒေအရာရှိ ရန်ကင်းမြို့နယ် ဥပဒေရုံးတို့ကလည်းကောင်း အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇွန် ၈ ရက် က လှိုင်သာယာမြို့နယ် ကစင်ကျေးရွာတွင် ကောင်းကင်ကြယ် ကိုယ့်အားကိုယ်ကိုးစာ ကြည့် တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦး စန်း အေး၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်ဇော်နှင့် World Vision နယ်မြေတာဝန်ခံ ဒေါ်စန္ဒာမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေး စေတနာအပြည့်ဖြင့်ဆောင်ရွက်နေ စိုက်ပျိုးရေးအပါအဝင် ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးစားလုပ်ကိုင်

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၁ရက် နံနက်ပိုင်းက မိုင်းခတ်မြို့ မိုင်းခတ်တပ်နယ်ရှိ စိုးငြိမ်းအေးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ စစ်သည်မိသားစုဝင်များထံ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုင်းခတ်-မိုင်းယန်းကားလမ်းဘေး ဝဲယာရှိ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ထားရှိမှုများ၊ ပြောင်းခင်းများ၊ ဆီထွက်သီးနှံစိုက်ခင်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မိုင်းယန်းမြို့သို့ ရောက်ရှိပြီး မိုင်းယန်းမြို့နယ် အားကစားရုံ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ မိုင်းယန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက မိုင်းယန်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများ၊မီးသတ်တပ်ဖွဲ့ ဝတ်စုံများ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် မိုင်းယန်းဒေသအတွက် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကျေပွန်အောင်ထမ်းဆောင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်းမခွဲခြားဘဲ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာအပြည့်အဝဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ မိုင်းယန်းဒေသသည် ယခုအခါ လမ်းများကောင်းမွန်ပြီး ဆက်သွယ်ရေးများ ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာကို အကျိုးရှိရှိ အသုံးချတတ်၍ စိုက်ပျိုးရေး အပါအဝင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် အရှိန်အဟုန်မြှင့်၍ ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့်လည်း တာဝန်ကျရာနေရာဒေသ၌ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို စေတနာအပြည့်ထား၍ ကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး စာသင်ခန်းများ၊ စာကြည့်တိုက်နှင့် လက်တွေ့ခန်းများအတွင်း ကျောင်းသားကျောင်းသူများ၏ စာသင်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကွန်ပျူတာစက်တစ်လုံးကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ**(အပေါ်ပုံ)** ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုင်းယန်းတပ်နယ် ခန်းမ၌ မိုင်းယန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယန်းခိုင်ကျေးရွာရှိတောင်သူ ဦးရည်သန်း၏အောင်မြင်ဖြစ်ထွန်းနေသည့် ကြံခုနစ်ဧက စိုက်ခင်းကိုလည်းကောင်း၊ မိုင်းယန်းမြို့နယ် ကွင်းအမှတ် ရပ်ကွက်(၂)ရှိ တောင်သူ ဦးအိုက်ကျန် စိုက်ပျိုးထားသော ဖြစ်ထွန်းအောင်မြင်နေသည့် ပဲပုပ် ၁၃သမ၅ဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပဲပုပ်အပြင် အခြားဆီထွက်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့၌ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း) မင်းကွန်းကျောင်းတိုက် ပြုပြင်ရေးငွေလှူ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဗဟိုအလုပ်အမှုဆောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (နယ်မြေတာဝန်ခံ) သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဇွန် ၁၁ရက် နံနက် ၁၁နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူး ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူဒဂုံမြို့သစ်(တောင်ပိုင်း) ၆၅ရပ်ကွက် မင်းကွန်းကျောင်းတိုက်၌ကျင်းပသော စင်ကာပူနိုင်ငံ ရွှေကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရှီဖာဇော့နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက မင်းကွန်းကျောင်းတိုက် နှစ်ထပ်စာသင်တိုက် ပြုပြင်တည်ဆောက်ရေးအတွက်အလှူငွေကျပ်၁၀သိန်း လှူဒါန်းပွဲသို့တက်ရောက်ကြည်ညိုသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လေဘေးသင့် ၆၅ ရပ်ကွက်မှ ပြည်သူ ၄၅၀အတွက် စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းသော လူသုံးကုန်ပစ္စည်းမျိုးစုံ ရှစ်မျိုးပါ အထုပ် ၄၅၀အား အလှူရှင်များနှင့်အတူ လက်ရောက်ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)

သံဃမဟာနာယကဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ် သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် မြေကွက်နှင့် အဆောက်အအုံလှူ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် ၁၁လမ်းရှိ ဓမ္မဂုဏ်ရည် သီလရှင်စာသင်တိုက်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအားဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေကွက်နှင့် အဆောက်အအုံလှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ အဂ္ဂမဟာပဏ္ဍိတထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဆရာတော် ၁၈ပါး တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကစုပေါင်းလှူဒါန်းသော မြေကွက်နှင့်အဆောက်အအုံဆိုင်ရာစာရွက်စာတမ်းများကိုအလှူရှင်များကိုယ်စားဒေါ်တူးတူးမာ(သာကေတ)က ဓမ္မဂုဏ်ရည်သီလရှင် စာသင်တိုက် ပဓာနနာယကဆရာကြီး ဂန္ထဝါစကပဏ္ဍိတ ဒေါ်ဂုဏထေရီ(သာသနဓဇ ဓမ္မာစရိယ)အား ဆက်ကပ်လှူဒါန်းသည်။**(က-ပ)**

ဘိုကလေးမြို့ ပြန်လည်တည်ဆောက်မှု လုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၈ရက် ညနေပိုင်းက ဘိုကလေးမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲကို တက်ရောက် အားပေးသည်။ အခမ်းအနားတွင် ဒဂုံတင်းဘားကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းအောင်က ဆေးပစ္စည်းနှင့် စာရေးကိရိယာများ၊ Asia Green ကုမ္ပဏီမှ ဦးမင်းလတ်က အလှူငွေကျပ်သိန်း ၅၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဝန်ကြီးသည် ဇွန်၉ရက် မွန်းလွဲပိုင်းက ဘိုကလေးမြို့ ဈေးကြီးအား ပြုပြင်နေမှုနှင့် ဘိုကလေးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားနေမှု၊ ကျောင်းဆောင်များ ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျဖြန့်ဝေ

ထို့နောက်ဝန်ကြီးသည် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ လေဘေးသင့် လယ်သမားများ အသုံးပြုရန်အတွက် နိုင်ငံတော်မှ ပေးပို့လှူဒါန်းသည့် လက်တွန်း ထွန်စက်များ ရောက်ရှိမှု၊ ပဲခူးတိုင်းအရှေ့ပိုင်းမှ လုပ်အားပေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက သယ်ယူ၊ တပ်ဆင်ပေးနေမှု၊ လယ်သမားများအား စနစ်တကျ ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘိုကလေးမြို့မှ ရေယာဉ်ဖြင့် စက်ဆန်းကျေးရွာသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးခန်းဖွင့်လှစ်၍ ဆရာဝန်များမှ ဆေးကုသပေးနေမှု၊ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်ပြုပြင်နေမှု၊ ကျေးရွာအတွင်း ပြည်သူများ လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြိမ်ချောင်းကြီး ကျေးရွာ၌ လေဘေးသင့် ပြည်သူများ လယ်ယာစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်နှင့် ထူးကုမ္ပဏီမှ လှူဒါန်းသည့် လက်တွန်းထွန်စက်များဖြင့် စုပေါင်း၍ လယ်ထွန်ယက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ထူးကုမ္ပဏီမှပြုပြင်လှူဒါန်းထားသည့် ထွန်စက်များကို ကြည့်ရှု၍ ဓမ္မာရုံအတွင်း၌ ကလေးငယ်များအား စာပေသင်ကြားပေးနေမှုတို့ကို ကြည့်ရှုအားပေးကာ အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေထူးကျေးရွာနှင့် လမုအုပ်ကြီးကျေးရွာတို့သို့ ရောက်ရှိပြီး ကျေးရွာများအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်၍ လယ်စိုက်ပျိုးရန် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဲပန်းပုပွဲတော်အတွက် ပြင်ဆင်နေမှုကို ဇွန် ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေး ကနေဒါနိုင်ငံမှ ထောက်ပံ့ကူညီမည်

အော့တာဝါ ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကဏ္ဍများအတွက် လာမည့်သုံးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာသန်း၅၅၀ကို ကနေဒါနိုင်ငံမှ ထောက်ပံ့ကူညီသွားမည် ဖြစ်ကြောင်း ဇွန်၁၀ရက်က ကနေဒါနိုင်ငံမှ သတင်းထုတ်ပြန်ကြေညာသည်။

ကျခံသုံးစွဲ

အာဖဂန်နစ္စတန်နိုင်ငံ၏ လုပ်ငန်းစဉ် သုံးခုအတွက် သုံးစွဲရန် စီမံကိန်းချမှတ်ထားရှိပြီးဖြစ်ရာ ကန်ဒါဟာဒေသရှိ ဆည်တည်ဆောက်ရေး၊ ၄င်းနိုင်ငံ၏ ကျောင်းပေါင်း၅၀ တည်ဆောက်ရေးနှင့် ကလေးသူငယ် ခုနစ်သန်းအတွက် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးရေးတို့တွင် ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း အော့တာဝါရှိသတင်းစာရှင်းလင်းပွဲ၌ ကနေဒါနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်တပ်ဖွဲ့ဝင်များအားသင်တန်းများဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲ လာမည့်နှစ် ဧပြီတွင် ကျင်းပမည်

ဂျကာတာ ဇွန် ၁၃

အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်က ယင်းနိုင်ငံ၏ရွေးကောက်ပွဲကို ၂၀၀၉ခုနှစ် ဧပြီ၅ရက်တွင် ကျင်းပရန် စီစဉ်ထားရာမှ ဧပြီ၈ရက် သို့မဟုတ် ၉ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြောကြား

အင်ဒိုနီးရှား အစိုးရနှင့် အောက်လွှတ်တော် ကိုယ်စားလှယ်များသည် လာမည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပရေးဆုံးဖြတ်ချက်ချရန် ရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ သွားရောက်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဟာဖစ်အင်န်ရှာရီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၁၀ပြည့်နှစ်အရောက်တွင် ဂါနာ၌ နေ့စဉ်ရေနံစည်ပေါင်း ၁၂၀၀၀၀ ထွက်ရှိရန် မျှော်မှန်း

အက်ကရာ ဇွန် ၁၃

ဂါနာနိုင်ငံ၏ ပြည်တွင်းရေနံထွက်ရှိမှု ပမာဏမှာ ကမ်းလွန်ရေနံ တူးဖော်ရှာဖွေရေးကဏ္ဍ၌ ၂၀၁၀ပြည့်နှစ် ပထမသုံးလတာ ကာလမှ စတင်ကာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၂၀၀၀၀ ထွက်ရှိရန် မျှော်မှန်းထားရှိကြောင်း ဇွန်၁၀ရက်က ပြည်တွင်းရေနံကုမ္ပဏီများက ပြောကြားသည်။

ပြောကြား

ပထမဦးစွာ ရေနံတွင်းခြောက်တွင်းမှ ရေနံတစ်တွင်းလျှင်တစ်နေ့စည်ပေါင်း၂၀၀၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း ဂါနာအမျိုးသားရေး ရေနံကော်ပိုရေးရှင်း(ဂျီအင်န်ပီစီ)က ရိုက်တာသို့ ပြောကြားသည်။

ထုတ်လုပ်မည်

ပြီးခဲ့သည့် ဧပြီလတွင် (ဂျီအင်န်ပီစီ)မှ ရေနံတူးဖော်ရေးကို အဓိကထုတ်လုပ်မည့် ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက် သုံးနေရာမှ တစ်နေ့လျှင် ရေနံစည်ပေါင်း ၆၀၀၀၀ ထုတ်လုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

မုန်တိုင်းဒဏ်ခံရသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရောဂါများဖြစ်ပွားခြင်းမရှိကြောင်း မစ္စတာဂျွန်ဟုမ်း ပြောကြား

နယူးယောက် ဇွန် ၁၃

မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၌ နာဂစ်မုန်တိုင်း ကျရောက်ပြီးတစ်လအကြာတွင် ရောဂါဘယများဖြစ်ပွားခြင်း မရှိသကဲ့သို့ အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းလည်း မရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး မစ္စတာဂျွန်ဟုမ်းက ပြောကြားသည်။

မှတ်ချက်ပြု

မကြာမီက နယူးယောက်မြို့တွင် ကျင်းပသည့် အာရှလူမှုရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်သည့် အစည်းအဝေး၌ အထက်ပါအတိုင်း ၄င်းက မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်အဆိုးရွားဆုံးဒဏ်ခံရသည့် ကျေးရွာများအရောက် သွားရောက်နိုင်ခဲ့သဖြင့် အခြေအနေမှာ ပို၍တိုးတက်ကောင်းမွန်လာကြောင်း၊ ကယ်ဆယ်ရေး ပစ္စည်းများ ပေးပို့ရာတွင်လည်း မုန်တိုင်းဒဏ် အဆိုးရွားဆုံး ဒေသများသို့ အရောက်ပေးပို့နိုင်ခဲ့ကြောင်း ဖြင့်လည်း ၄င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက် မပါရှိဘဲ အတင်းအဓမ္မ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် ကြိုးပမ်းခြင်းသည် ဒုက္ခသည်များအတွက် အကျိုးဖြစ်ထွန်းမည် မဟုတ်ကြောင်း ၄င်းကုလသမဂ္ဂအရာရှိက ပြောကြားသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ ကမ်းရိုးတန်းဒေသ၌ တရုတ်ငါးဖမ်းစက်လှေ တိမ်းမှောက်သဖြင့် ဂျပန်ကယ်ဆယ်ရေးယာဉ်များ ကူညီဆောင်ရွက်နေသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

မိုဘိုင်းလ်ဖုန်း အသုံးပြုမှု ဗီယက်နမ်၌ ထိပ်ဆုံးအဆင့်ရှိ

ဟနွိုင်း ဇွန် ၁၃

ယခုနှစ်အတွင်း အာဆီယံနိုင်ငံများ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ အများဆုံးသော နိုင်ငံမှာ ဗီယက်နမ် ဖြစ်ကြောင်း ၄င်းနိုင်ငံ၏ သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဇွန်၉ရက်က ဒေသထုတ် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု သတင်းစာ၌ ဖော်ပြသည်။

အာဆီယံနိုင်ငံများ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသည့် အများဆုံးနိုင်ငံများတွင် ထိုင်း၊ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်ဆေးအကာအကွယ်ပေးရေးအဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ရောက်ရှိ ညီအစ်ကိုမောင်နှမများသဖွယ် ချစ်ခင်စွာညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း အဖွဲ့ခေါင်းဆောင် ပြောကြား

ဖိလစ်ပိုင် ဇွန် ၁၃

အင်အား ၃၀ပါဝင်သော ဖိလစ်ပိုင်ဆေးအကာအကွယ်ပေးရေး အဖွဲ့သည် ဇွန်၉ရက်(တနင်္လာနေ့)တွင် မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်သို့ပြန်လည်ရောက်ရှိလာသည်။ ထိုအဖွဲ့တွင် ဖိလစ်ပိုင်ကျန်းမာရေးဌာနမှ ဆရာဝန်၊ သူနာပြု၊ စိတ်ရောဂါအထူးကုနှင့် လူမှုဝန်ထမ်းလုပ်သားများစုစုပေါင်းအင်အား ၃၀ ပါဝင်သည်။ ၄င်းတို့အဖွဲ့သည် မြန်မာနိုင်ငံဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာလေဘေးကယ်ဆယ်ရေးစခန်းသို့ မေ၃၀ရက်တွင် ရောက်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံ၌ရှိနေစဉ် ဧရာဝတီတိုင်းရှိ မြို့နှစ်မြို့နှင့် ရန်ကုန်တိုင်းရှိ မြို့နှစ်မြို့တို့သို့ ၁၅ရက်ခရီးသွားရောက်ခဲ့ကြခြင်းဖြစ်သည်။ အဖွဲ့ ခေါင်းဆောင် ဒေါက်တာ အာမဲရစ်ဗီးရားက ၄င်းတို့အဖွဲ့သည် စစ်ဘက်နှင့် အရပ်ဘက် ဝန်ထမ်းများနှင့် အတူတကွ အလုပ်လုပ်ကိုင်ခဲ့ပြီး ညီအစ်ကို မောင်နှမများသဖွယ် ချစ်ချစ်ခင်ခင် ညှိညှိနှိုင်းနှိုင်းရှိကြောင်း။

ပြောကြား

မြန်မာနိုင်ငံအစိုးရက ပြည်ပ ကယ်ဆယ်ရေး လုပ်သားများကို ဝင်ခွင့်ပြုရန် သဘောတူပြီးနောက်ပထမဦးဆုံးလာရောက်သောအဖွဲ့မှာ ဖိလစ်ပိုင်ဆေးအကာအကွယ်ပေးရေးအဖွဲ့ဖြစ်ကြောင်း၊ ကုလသမဂ္ဂက ဦးဆောင်ပြီး အာဆီယံ ကျောထောက်နောက်ခံပြုသော အလှူရှင်ကွန်ဖရင့်ကိုလည်း မြန်မာနိုင်ငံအစိုးရက တံခါးဖွင့်ကျင်းပခွင့်ပြုခဲ့ကြောင်း၊ ၄င်းတို့ပတ်ဝန်းကျင်တွင် စစ်သားတွေရှိနေသည်ဟု အချို့ကပြောကြသော်လည်း ၄င်းအနေဖြင့် မည်သို့မျှခံစားရခြင်းမရှိခဲ့ကြောင်း၊ ဖိလစ်ပိုင် ဆေးအကာအကွယ်ပေးရေးအဖွဲ့ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့သို့ပြန်ရောက်သောအခါ ဂုဏ်သရေရှိလူကြီးများကို ညှော်ခံသောညှော်ခံပွဲဖြင့် ညှော်ခံခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် အစိုးရအရာရှိကြီးများ ရှေ့မှောက်တွင် ၄င်းတို့အဖွဲ့အား ကြိုဆိုခဲ့ကြကြောင်း၊ ၄င်းတို့အဖွဲ့၌ ပါရှိသော ၁၃ တန်ခန့်လေးသည့် ဆေးဝါးများနှင့် ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်ရန် မြန်မာနိုင်ငံအစိုးရက ထရပ်ကားတစ်စီး ပံ့ပိုးပေးခဲ့ကြောင်း၊ မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်းမရှိဘဲ စည်းစည်းလုံးလုံး ရှိခဲ့ပြီး ၄င်းတို့အဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံတွင် ဆေးအကာအကွယ်နှင့် ပတ်သက်သည့် လုပ်ငန်းများမှလွဲပြီး အခြားမည်သည့်ကိစ္စကိုမျှ ဝင်ရောက်စွက်ဖက်ပါဝင်ခဲ့ခြင်းမရှိကြောင်း၊ ကျန်းမာရေးဆိုင်ရာဟောပြောပွဲများလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ဒေလီးအင်ကွာရာ သတင်းစာသို့ ပြောကြားခဲ့သည်။

လိုအပ်

ဒေါက်တာရစ်ဗီးရားက လေဘေးသင့်ပြည်သူအများစုမှာ အအေးမိနှာစေးသည့် ဝေဒနာကို ခံစားနေကြရကြောင်း၊ ၄င်းတို့အား စိတ်ဓာတ်ရေးရာအရ နှစ်သိမ့်အားပေးရန်လည်း လိုအပ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ပြောကြား

၄င်းအဖွဲ့တွင် ပါဝင်သော ဝီလျံဆာဘာတာကလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ ၄င်းရောက်လျှင် ရောက်ချင်း မုန်တိုင်းဒဏ်ကြောင့် အပျက်အစီးများကို မြင်တွေ့ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရလေ့ရှိသည့် ဖိလစ်ပိုင်နိုင်ငံ ဘီကိုးလ်မြို့ဇာတိဖြစ်သော်လည်း သူ့အတွေ့အကြုံအရ ဤမျှ အပျက်အစီးကြီးမားပုံမျိုးကို မတွေ့မြင်ဖူးခဲ့ကြောင်း၊ ရှေ့နောက်ဝဲယာတွင် တောင်တစ်လုံးမျှမရှိဘဲ မြစ်လက်တက်များစွာရှိသည့် ဒေသဖြစ်ကာ မြေမျက်နှာပြင်မှာ ညီညာ ပြန့်ပြူးနေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြင်းထန်

လူမှုဝန်ထမ်း လုပ်သားတစ်ဦးဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ကုသပေးခဲ့သူ ဂျင်ဘွာရီယာက ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများမှာ ဤမျှပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကို တွေ့မြင်ခဲ့ဖူးခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ဟောပြောသင်ပြပေးခဲ့

ဆေးအကာအကွယ်ပေးရေး အဖွဲ့သည် အဆိုပါ လေဘေးသင့်ဒေသများတွင် ဖိလစ်ပိုင်ကျေးရွာများ၌ အသုံးပြုသည့် လက်လုပ်ရေစစ်ကိရိယာနှင့်ပတ်သက်ပြီး ဟောပြောသင်ပြပေးခဲ့ကြောင်း၊ ယင်းရေစစ်ကိရိယာသည် မြန်မာနိုင်ငံ၌ ရေစစ်ရာတွင် အသုံးပြုသည့် သဲကြမ်း၊ ကျောက်စရစ်ခဲများနှင့်ရွှံ့စေးတို့ပါဝင်သော ကိရိယာမျိုးဖြစ်ကြောင်း ဆာဘာတာက ပြောပြသည်။

ပြန်လည်ရောက်ရှိ

ဖိလစ်ပိုင် ဆေးအကာကွယ်ပေးရေးအဖွဲ့ဝင်များသည်ခရီးသည်တင်လေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး ဇွန် ၉ရက်ည ၇နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

(အင်တာနက်)

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၁၃

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၁၃ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀ ̊C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၈ ̊C	သာယာ
ဂျပန်	တိုကျို	၂၇ ̊C	သာယာ
ဖိလစ်ပိုင်	မနီလာ	၃၃ ̊C	လေပြင်းတိုက်၊မိုးရွာ
ဗီယက်နမ်	ဟန္ွိုင်း	၃၂ ̊C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၄ ̊C	လေပြင်းတိုက်၊မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃ ̊C	သာယာ
စင်ကာပူ	စင်ကာပူ	၃၂ ̊C	မိုးရွာ
အိန္ဒိယ	နယူးဒေလီ	၃၄ ̊C	လေပြင်းတိုက်၊မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅ ̊C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၁ ̊C	မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၉ ̊C	မိုးရွာ

(အင်တာနက်)

ဘဝအမောပြေ

နှစ်၂၀ပြည့်ပြီလေ

အမျိုးသမီးတစ်ဦးသည် ညသန်းခေါင်အချိန် အိပ်ရာမှ နိုးလာစဉ် ခင်ပွန်းဖြစ်သူ အိပ်ရာထဲတွင်မရှိသည်ကို သိလိုက်ရလေသည်။ ထို့ကြောင့် သူမ အောက်ထပ်သို့ ဆင်းခဲ့ရာ မီးဖိုချောင်အတွင်းရှိစားပွဲတွင် ကော်ဖီတစ်ခွက်ကို ရှေ့၌ချလျက် ထိုင်နေသော ခင်ပွန်းသည်အား တွေ့လိုက်ရလေသည်။ သူသည် ရှေ့ရှိနံရံကိုစိုက်ကြည့်ကာ အတွေးနယ်ချဲ့လျက်ရှိသည်ကို သူမတွေ့လိုက်ရပြန်သည်။ ထို့အပြင် ခင်ပွန်းဖြစ်သူ မျက်ရည်သုတ်ပြီး ကော်ဖီတစ်ငုံ သောက်လိုက်သည်ကိုလည်း သူမတွေ့လိုက်ရသဖြင့် သူမ သိလိုသည်ကို မေးလိုက်သည်။

ဇနီး ။ ။ ဘာဖြစ်လို့လဲ ယောက်ျားရေ- ဒီအချိန်ကြီးကျမှ ဘာဖြစ်လို့ အောက်ဆင်းထိုင်နေရတာလဲ။

ခင်ပွန်း ။ ။ ဟိုးလွန်ခဲ့တဲ့နှစ်၂၀တုန်းက မင်းအသက် ၁၆နှစ်အရွယ်မှာ မင်းနဲ့ကိုယ်ချိန်းတွေ့ခဲ့ကြတာ မင်းမှတ်မိရဲ့လား။

ဇနီး ။ ။ မှတ်မိပါတယ်။

ခင်ပွန်း ။ ။ အဲဒီတုန်းက ကိုယ့်ကားရဲ့ နောက်ခန်းမှာရှိနေကြတဲ့ မင်းနဲ့ ကိုယ့်ကို မင်းအဖေ မိသွားတာကိုလည်း မှတ်မိသေးလား။

ဇနီး ။ ။ ဒါလည်း မှတ်မိတာပဲ။

ခင်ပွန်း ။ ။ အဲဒီအချိန်မှာ မင်းအဖေက ကိုယ့်ရဲ့မျက်နှာကို သေနတ်နဲ့ ချိန်ပြီး မင်းငါ့သမီးကိုယူရင်ယူ၊ မယူရင်ထောင်ထဲမှာနှစ်၂၀ နေရစေ့မယ်လို့ ပြောခဲ့တာလည်း မှတ်မိဦးမှာပေါ့။

ဇနီး ။ ။ သိပ်မှတ်မိတာပေါ့။

ခင်ပွန်းသည်က သူ၏ ပါးပြင်ပေါ်သို့ကျနေသော မျက်ရည်ကို ထပ်သုတ်ရင်း ပြောလိုက်သည်မှာ...

ခင်ပွန်း ။ ။ ဒါဆို ဒီနေ့ ကိုယ်မင်းနဲ့နေခဲ့တာ နှစ်၂၀ပြည့်ပြီဖြစ်လို့ ကိုယ်ထွက်သွားလို့ရပြီပေါ့။

ဇနီး ။ ။ ''ဘာရယ်''

မြန်မာ့အလင်း ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၁၃-၆-၂၀၀၈

အီရန်-အီရတ် အဓိကနယ်စပ်ဖြတ်ကျော်ရေးစခန်း ပြန်လည်ဖွင့်လှစ်

အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အလည်အပတ်သွားလာနိုင်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့အတွက် အီရန်-အီရတ် အဓိကနယ်စပ်ဖြတ်ကျော်ရေးစခန်းကို ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

ယင်းနယ်စပ်ဖြတ်ကျော်ရေးစခန်းမှာ အီရန်နိုင်ငံမြောက်ပိုင်း ကေမန်ရှက်ပြည်နယ် ခိုခရာဗီမြို့တွင်ရှိသည်။ ယင်းနယ်စပ်ဖြတ်ကျော်ရေး စခန်းကို ပြီးခဲ့သည့် နှစ်နှစ်က ပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်။ အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံ၏ နယ်စပ်တစ်လျှောက် အရှည်မှာ ကီလိုမီတာ၁၅၀၀ ရှိသည်။

၅၂ထပ်ရှိ မိုးမျှော်အဆောက်အအုံ ဖနောင်ပင်၌ တောင်ကိုရီးယားကုမ္ပဏီ တည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ၅၂ထပ်ရှိ မိုးမျှော် အဆောက်အအုံကို တောင်ကိုရီးယားနိုင်ငံ ဂျီအက်စ်ရင်းနှီးမြှုပ်နှံရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်မည်ဖြစ်သည်။

အဆောက်အအုံကို ခေတ်သစ် ကမ္ဘောဒီးယားဒီဇိုင်းဖြင့် တည်ဆောက်မည်ဖြစ်ကာ လေးနှစ်အတွင်း အပြီးသတ်ဆောက်လုပ်ရန် စီစဉ်ထားသည်။ အဆောက်အအုံအတွင်း ရုံးဌာနများ၊ လူနေအိမ်ခန်းများ၊ အပြည်ပြည်ဆိုင်ရာ ကျောင်းနှင့် စတိုးဆိုင်ကြီးများပါ ထည့်သွင်းတည်ဆောက်မည် ဖြစ်သည်။

ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လာပြန်

ကမ္ဘာ့ငွေကြေး ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးမှာ အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဂျပန်စီးပွားရေး လုပ်ငန်းရှင်များက ပြောကြားသည်။

တိုကျို ဈေးကွက်ရှိ ငွေကြေးလဲလှယ်မှုနှုန်းထား၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်နိုင်ငံသုံး ယန်းငွေ ၁၀၇ ဒသမ ၈၉ယန်း ပေါက်ဈေးရှိကြောင်း သိရသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပေကျင်း၌ ကြပ်မတ်ဆောင်ရွက်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အိုလံပစ် ပွဲတော် ကျင်းပစဉ် ကာလအတွင်း ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ အဝေးပြေးလမ်းများတွင်အရှိန်လွန်မောင်းနှင်သူများနှင့် အရက်သောက်သုံးကာ မောင်းနှင်သူများအား အဓိကထား၍ ပေကျင်းရဲတပ်ဖွဲ့က စစ်ဆေးအရေးယူသွားမည်ဖြစ်သည်။

ပေကျင်းမြို့နှင့် အနီးဝန်းကျင်မြို့ကြီး ၁၄မြို့ရှိ အဝေးပြေးလမ်းမကြီးများတစ်လျှောက် စစ်ဆေးရေး ရဲတပ်ဖွဲ့ဝင်များအား တာဝန်ချထားမည် ဖြစ်သည်။

ထို့ပြင် အိုလံပစ်ပွဲတော် ကျင်းပစဉ်ကာလအတွင်း အဝေးပြေးလမ်းမများ၌ မြူဆိုင်းမှု သို့တည်းမဟုတ် ရေလွှမ်းမှုတို့ကြောင့် ဖြစ်ပွားတတ်သည့် ယာဉ်မတော်တဆမှုများမဖြစ်ပွားစေရေးကိုလည်း ကြပ်မတ်ဆောင်ရွက်မည်ဖြစ်သည်။

သံမဏိကုမ္ပဏီ ၆ဝကျော် တရားမဝင်မီးသွေးထုတ်လုပ်

ဘရာဇီးနိုင်ငံ ပြည်နယ်သုံးခုရှိ သံမဏိထုတ်လုပ်သည့် ကုမ္ပဏီ ၆၀မှာ ၎င်းတို့၏ သံရည်ကြိုလုပ်ငန်းတွင် အသုံးပြုရန်အတွက် တရားမဝင် သစ်ပင်များကို ခုတ်ယူကာ မီးသွေးများ ထုတ်လုပ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဘရာဇီးပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနက ပြောကြားသည်။

ယင်းကုမ္ပဏီများအား ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၄သန်း ပေးဆောင်ရန်နှင့် ပြည်နယ်နှစ်ခုတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန် သစ်ပင် ၂ဒသမ၆သန်း စိုက်ပျိုးရန် အစိုးရက သတ်မှတ်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာကာသသို့ သွားရောက်လည်ပတ်လိုသူများအတွက် ပုဂ္ဂလိကအာကာသယာဉ် ပထမဆုံးလွှတ်တင်မည်



နာဆာ ဇွန် ၁၃

နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ၂၀၁၁ခုနှစ်တွင် ပထမဆုံးပုဂ္ဂလိက လူလိုက်ပါနိုင်သည့် အာကာသယာဉ် (ယာပုံ)ကို လွှတ်တင်သွားမည်ဖြစ်ကြောင်း အမေရိကန် အာကာသခရီးသွားလုပ်ငန်း ကုမ္ပဏီတစ်ခုက ကြေညာသည်။

အဆိုပါ ပုဂ္ဂလိကလိုက်ပါသည့် အာကာသမစ်ရှင် လွှတ်တင်ရေးကို အာကာသစွန့်စားသူများ ကုမ္ပဏီနှင့် ရုရှားအာကာသ အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည်။

ယင်းမစ်ရှင်အတွက် အထူးဆိုယုဇ် အာကာသယာဉ်ကို ရုရှားအာကာသအေဂျင်စီက ထုတ်လုပ်ပေးမည် ဖြစ်သည်။ အာကာသစွန့်စားသူများ ကုမ္ပဏီက ဆိုယုဇ်အာကာသမစ်ရှင်မှ နိုင်ငံတကာ အာကာသစခန်းသို့သွားရောက်မည့် ခရီးသည် ထိုင်ခုံလက်မှတ် ငါးစောင်ဝယ်ယူထားသည်။ ထိုင်ခုံတစ်ခုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၂၀ဖြစ်သည်။

ပုဂ္ဂလိကဆိုယုဇ်အာကာသယာဉ် မစ်ရှင်အဖွဲ့သည် ၂၀၁၁ခုနှစ် ဒုတိယနှစ်ဝက်ကာလအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။ ပထမဆုံးလွှတ်တင်မည့် ယင်းအာကာသမစ်ရှစ်တွင် အာကာသခရီးသွားဧည့်သည် နှစ်ဦးသာ လိုက်ပါနိုင်မည်ဖြစ်သည်။

ဆိုယုဇ်က ယင်းမစ်ရှင်အတွက် အသုံးပြုရန် အထူးအာကာသယာဉ်များ ထုတ်လုပ်ပေးမည်ဖြစ်သည်။ နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်မည့် ခရီးသည်များအတွက် အထူးစီမံထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီမှ အဲလက်စီခရာနော့ဗ်က ပြောကြားသည်။

အာကာသသို့ ပထမဆုံးသော သွားရောက်သည့် အာကာသခရီးသည်မှာ ၂၀၀၁ခုနှစ်က အမေရိကန်မှ စီးပွားရေးလုပ်ငန်းရှင် ဒင်းနစ်တီတိုးဖြစ်သည်။ ယင်းနောက် အခြားသော အာကာသခရီးသွား လေးဦး သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။ ဆဋ္ဌမမြောက် အာကာသခရီးသွားဧည့်သည်မှာ နာဆာအာကာသယာဉ်မှူး အိုဝင်ဂါရီရော့၏ သား ရစ်ချက်ဂါရော့ဖြစ်သည်။ ၎င်းသည် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် အာကာသစခန်းသို့ ထွက်ခွာရန်အတွက် ပြင်ဆင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ကိုးကား-အင်တာနက်

အာကာသသိပ္ပံ

ဘဝဒဿနအမြင်

* *Follow the river and you will get to sea.*
  လမ်းဆုံးလျှင် ရွာတွေ့လိမ့်မည်။

ဂျိုးဇက်ပရက်စလေ
(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

* *Trust not him that had once broken faith.*
  သစ္စာတရား တစ်ကြိမ်ပျက်ဖူးသူအား မယုံစားပါနှင့်။

ရှိတ်စပီးယား
(အင်္ဂလိပ်လူမျိုး စာရေးဆရာနှင့်ပြဇာတ်ရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အစွန်းရောက်သော ချစ်ခြင်း၏ နောက်တွင်....

ဒါဟမ်းစီရင်စုမြို့လေးသည် အင်္ဂလန်နိုင်ငံမြောက်ပိုင်း မြောက်ပင်လယ်ကမ်းခြေရှိလူဦးရေ ရှစ်သိန်းကျော်နေထိုင်သော မြို့လေးဖြစ်သည်။ ပင်လယ်ကမ်းခြေမြို့ဖြစ်သဖြင့် အပန်းဖြေစခန်းရှိပြီး သာယာလှပရှုမောဖွယ်ကောင်းသည်။ ဤမြို့တွင် မှုခင်းဖြစ်ပွားမှုနည်းပါးပြီး အေးချမ်းသာယာသော မြို့လေးလည်း ဖြစ်သည်။

ရှန်းကန်လှုပ်ရှား

ထိုမြို့လေးတွင် လွန်ခဲ့သော ၁၉၉၀ပြည့်လွန်နှစ်များက ဆူဇန်ကား၏ ဆိုသော အမျိုးသမီးတစ်ဦး နေထိုင်ခဲ့သည်။ သူမသည် ခင်ပွန်းဖြစ်သူသေဆုံးသွားပြီးနောက် သားသမီးနှစ်ဦးနှင့်အတူ ရှန်းကန်လှုပ်ရှားကာ ဘဝကိုရင်ဆိုင်နေသူတစ်ဦးဖြစ်သည်။ ခင်ပွန်းဖြစ်သူ သေဆုံးသွားသည်မှာ ခြောက်နှစ်ရှိပြီဖြစ်သော်လည်း သားနှင့်သမီး၏ ရှေ့ရေးအတွက် အိမ်ထောင်ထပ်မံ မပြုခဲ့ပေ။ သူမအား သဘောကျကာ ကမ်းလှမ်းသော အမျိုးသားများအား သူမငြင်းဆန်ခဲ့သည်ချည်းသာဖြစ်သည်။ သို့သော်လည်း ၂၀၀၀ပြည့်နှစ် သူမအသက် ၃၄နှစ်အရွယ်တွင်မှ သူမ၏ သံမဏိစိတ်ဓာတ်များကို အရည်ပျော်အောင်စွမ်းဆောင်နိုင်သည့် သူမထက်အသက် ၁၉နှစ်ကြီးသော ပီတာကီလင် (**အပေါ်ယာပုံ**)ဆိုသည့် အမျိုးသားတစ်ဦး ပေါ်ပေါက်လာသည်။

ဆူဇန်သည် ပီတာနှင့်တွေ့မှ သူမ၏ စိတ်ဓာတ်များ အရည်ပျော်ကာ ထိုနှစ်တွင်ပင် ပီတာအား လက်ထပ်ပြီးနောက် တူနှစ်ကိုယ်ချစ်ဘုံဗိမာန်ကို ထူထောင်ခဲ့ကြသည်။ ပီတာသည် ဆူဇန်အား အလွန်ချစ်မြတ်နိုးသူဖြစ်သည်။ ဆူဇန်သည် ပီတာနှင့် အနေကြာလာသောအခါ ပီတာသည် သူမအား အမှန်တကယ်ချစ်ခင်စုံမက်သကဲ့သို့ သူ့ထက်အသက်များစွာငယ်သော သူမကို အလွန်အကျွံ သဝန်တိုတတ်သည်ကို သိလာခဲ့ရသည်။

စိတ်မချနိုင်

ကားပစ္စည်းလက်ကားရောင်းသော ဆိုင်ကြီးနှင့် ကားပြင်ရုံတို့ကိုတွဲဖက်လုပ်ကိုင်သော ပီတာသည် ချစ်ဇနီးငယ်နှင့် အနီးကပ်နေထိုင်နိုင်ရန် လုပ်ငန်းများကို သူ၏အိမ်တွင်ပင် ပြောင်းရွှေ့ဖွင့်လှစ် ရောင်းချလုပ်ကိုင်ခဲ့သည်။ ထိုအခါ ကားပစ္စည်းများ ရောင်းဝယ်သော၊ ကားပြင်သော အမျိုးသားများမှာ သူ၏ အိမ်သို့ ဝင်ထွက်ကြပြန်သဖြင့် သူ၏ဇနီးအား စိတ်မချနိုင်ပြန်ပေ။ ဆူဇန်အနေဖြင့်လည်း ခင်ပွန်း၏ သဝန်တိုမှုကြောင့် ခင်ပွန်းသည်နှင့် အိမ်သို့ဝင်ထွက်သော မိတ်ဆွေများ၊ အမျိုးသားများ၏ကြားတွင် စိတ်အနေကျဉ်းကျပ်လာသည်။ သို့သော်လည်း သူမချစ်ခင်သဖြင့် လက်ထပ်ခဲ့သော ခင်ပွန်းသည်အား အပြစ်မဆိုရက်၊ အပြစ်မမြင်ရက်ပြန်ပေ။

၂၀၀၄ခုနှစ် ဇူလိုင်လဆန်း၁ရက်တွင်မူစိတ်ပြေလက်ပျောက်သဘောဖြင့် သူတို့မြို့မှ မိုင်၂၀ခန့်ဝေးသော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းသို့ ခင်ပွန်းသည်အား အလုပ်ပိတ်စေလျက် ၁၀ရက်ကြာ အပန်းဖြေခရီးထွက်ခဲ့သည်။ တစ်ပတ်နီးပါးခန့် သူတို့ဇနီးမောင်နှံနှစ်ဦး ပျော်ရွှင်မဆုံး ဖြစ်ခဲ့ကြသည်။ သို့သော်လည်း ခင်ပွန်းသည်၏ ကြဲဖန်သဝန်တိုမှုကြောင့် ဇူလိုင်၇ရက် နံနက် ၄နာရီခွဲတွင် သူတို့နှစ်ဦး ကတောက်ကဆဖြစ်ခဲ့ကြသည်။

ဓားဖြင့်ထိုး

ဒေါသထွက်နေသော ဆူဇန်သည် မီးဖိုချောင်သုံးဓားဖြင့် ခင်ပွန်းသည် ပီတာ၏ လည်ပင်းကိုခုတ်လိုက်ရာ လည်ပင်းပြတ်ရှသွားတော့သည်။ သူ့အပေါ် လုပ်ရက်လေခြင်းဟု စိတ်မကောင်းဖြစ်ကာ ဒေါသထွက်နေသော ပီတာက ဓားကိုဆွဲယူလျက် ဆူဇန်၏လည်ပင်းအား ဓားဖြင့် ဟန်ဆောင်ခြိမ်းခြောက်လိုသောသဘောဖြင့် ချိန်ရွယ်စဉ် သူ့ဆီအတင်းပြေးဝင်ကာတိုက်ခိုက်လာမှုကြောင့် လည်ပင်းအား ဓားဖြင့်ထိုးမိရာမှ ဆူဇန်မှာ လဲကျသေဆုံးသွားခဲ့သည်။ ဆူဇန်သေဆုံးမှုကြောင့် နယူးကာဆယ်တရားရုံးက အသက် ၅၇နှစ်အရွယ်ရှိ ပီတာအား ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ထောင်ဒဏ် ၁၂နှစ် ချမှတ်ခဲ့သည်။

အစွန်းရောက်ချစ်ခြင်း၏ နောက်ကွယ်တွင်ရှိသော သဝန်တိုမှု၏ ဆိုးကျိုးကြောင့် ပီတာကီလင်မှာ ထောင်ကျခဲ့ရပြီး အပြစ်မဲ့သော ဆူဇန်ကား၏မှာ အသက်ဇီဝိန်ကြွေခဲ့ရသည့် အဖြစ်ကို ရင်နင့်ဖွယ်၊ သင်ခန်းစာယူဖွယ်ရာ အဖြစ် ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။ ကိုးကား- အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တစ်ဝန်း မြစ်ရေကြီး နေအိမ်များပျက်စီးပြီး လူထောင်သောင်းချီ၍ ရေဘေးကြုံ

အိုင်အိုဝါ (အမေရိကန်) ဇွန် ၁၃

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တစ်ဝန်း ဇွန် ၁၃ရက်က မြစ်ရေလျှံမှုကြောင့် ရေကြီးမှုဖြစ်ပွားလျက်ရှိကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ နေအိမ်နှင့်စီးပွားရေးလုပ်ငန်း အများအပြား ထိခိုက်ပျက်စီးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ချက်ကူဗာက ပြောကြားသည်။

ပျက်စီးခဲ့

အဆိုပါ ပြည်နယ်ရှိ မြစ်ကြီးကိုးစင်း စံချိန်တင်မြစ်ရေတက်ခဲ့ကြောင်း၊ ပြည်နယ်အတွင်းရှိ တံတားများ ပြိုကျပျက်စီးခဲ့ကြောင်း ၄င်းက ပြောကြားသည်။

အိုင်အိုဝါပြည်နယ်၌ ခရိုင် ၉၉ခု ရှိရာတွင် ၅၅ ခရိုင်မှာ သဘာဝဘေးအန္တရာယ်ဒေသအဖြစ် ကြေညာထားသည်။ ဇွန် ၁၂ ရက်က မုန်တိုင်းဒဏ်ခံရသော ယင်းပြည်နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

မြစ်ရေကြီးမှု အဆိုးရွားဆုံးဖြစ်ပွားရာဒေသမှာ အိုင်အိုဝါပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စီဒါရာပစ်မြို့ဖြစ်သည်။ မြစ်ရေကာတာကျိုးပေါက်သဖြင့် တစ်မြို့လုံးနီးပါးရေလွှမ်းသွားကာ လူ ၈၀၀၀ ခန့်အား လှေများဖြင့် ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ရသည်ဟုဆိုသည်။ **(ဝဲပုံ)**

အစ္စရေးမြောက်ပိုင်း ငလျင်နှစ်ကြိမ်လှုပ်

ဂျေရုဆလမ် ဇွန် ၁၃

အစ္စရေးနိုင်ငံ မြောက်ပိုင်း၌ ဇွန်၁၃ရက်က ငလျင်နှစ်ကြိမ် လှုပ်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အစ္စရေးမိုးလေဝသဌာနက ကြေညာသည်။

အဆိုပါ ငလျင်များမှာ ၃ဒသမ၈ နှင့် ၃ဒသမ၉ ရစ်ချ်တာစကေး ရှိကြောင်း၊ ငလျင်နှစ်ခုစလုံးမှာ လက်ဘနွန် တောင်ပိုင်းကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေး မြေငလျင်တိုင်းတာရေးဌာနက ပြောကြားသည်။

ကော်လိုရာဒိုပြည်နယ်၌ တောမီးအကြီးအကျယ်လောင်ကျွမ်းနေ ရှေးဟောင်းအဆောက်အအုံများ မီးဘေးခြိမ်းခြောက်ခံနေရ

ကော်လိုရာဒို (အမေရိကန်) ဇွန် ၁၃

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အရှေ့တောင်ပိုင်း၌ ဇွန် ၁၃ရက်က တောမီးများ အကြီးအကျယ်လောင်ကျွမ်းလျက်ရှိရာ သစ်တော ၈၀၉၄ ဟက်တာ မီးလောင်ကျွမ်းခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

မီးသတ်တပ်ဖွဲ့ဝင်များသည် ယင်းတောမီးအန္တရာယ် ထိန်းချုပ်နိုင်ရေးအတွက် မြေပြင်နှင့်ဝေဟင်တို့မှ မီးငြိမ်းသတ်လျက်ရှိကြောင်း၊ သို့သော် မီးမှာ အဆက်မပြတ် လောင်ကျွမ်းနေ၍ အနီးရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာများ၊ အဆောက်အအုံများ မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည့် အခြေအနေကို ရောက်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ-မြင့်မောင်စိုး

ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် (ဒုတိယနှစ်ဝက်)ပြန်လည်ဖွင့်မည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသော ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဒုတိယနှစ်ဝက်ကို နယုန်လပြည့်ကျော် ၁ ရက် (ဇွန် ၁၉ ရက်) ကြာသပတေးနေ့တွင် အတန်းအားလုံးကို ပုံမှန်အချိန်ဇယားအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း မိုးလေဝသသတင်း

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

သန်းဇော် ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၁၃

ဇွန် ၁၃ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းအလိုက် မိုးရွာသွန်းမှု အခြေအနေများကို ဖော်ပြရလျှင် ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၌ နေရာကျဲကျဲမိုးရွာခဲ့ပြီး မကွေးတိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် ရွာသွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။



မှတ်သားဖွယ်ရာမိုးရေချိန်များမှာ-

နေပြည်တော်တွင်	၀ ဒသမ ၃၁ လက်မ
ထားဝယ်မြို့တွင်	၄ ဒသမ ၈၈ လက်မ
မြိတ်မြို့တွင်	၄ ဒသမ ၄၉ လက်မ
ပူတာအိုမြို့တွင်	၃ ဒသမ ၆၃ လက်မ
မကွေးနှင့် ကျောက်ဖြူမြို့တို့တွင်	၁ ဒသမ ၇၇ လက်မ

တို့ ဖြစ်ကြသည်။

ဇွန် ၁၄ ရက် **(ယနေ့)**၌ နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ပင်ဖြစ်သည်။

မုတ်သုံလေ အားကောင်းနေ

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်ဖြစ်ပြီး နောက်နှစ်ရက်ခန့် မုတ်သုံလေ အားကောင်းနေမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့၌လည်း မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၂ ရက်တွင် ရန်ကုန်မြို့လယ်၌ မိုးရေချိန် ၈ မမ (၀ဒသမ၃၂လက်မ)ရွာသွန်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ ၁၃၅၄မမ (၅၃ဒသမ၃၁လက်မ)ရှိသည်။ ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ အနောက်တောင်ဘက်မှ တစ်နာရီလျှင် ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ဇွန်တတိယပတ်ရက်သတ္တပတ်ကုန်ရက်များတွင် နေရာကျဲကျဲ မိုးရွာသွန်းပြီး ရန်ကုန်တိုင်း၌ နေရာစိပ်စိပ် ရွာသွန်းမည်ဖြစ်ကြောင်း မိုးလေဝသ အခြေအနေများကို ကြိုတင်သိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်ဖြစ်ပြီး နောက်နှစ်ရက်တွင် မုတ်သုံလေ အားကောင်းနေမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၄-၆-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ အကပြိုင်ပွဲ
၈:၀၀ ၅။ The Golden Triangle Past the Present
၈:၅၀ ၆။ International News
၉:၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်း
၁၃:၀၀ ၅။ Japan Video Topics
၁၃:၁၀ ၆။ ပြည်သူ့နီတိ **'ကိုယ်ချင်းစာ'** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ခင်ဇော်)
၁၄:၀၀ ၇။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၁၄:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၂၀ ၉။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၄:၄၀ ၁၀။ တေးဂီတအစီအစဉ်
၁၄:၅၀ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၅ ၄။ အတီးပြိုင်ပွဲ
၄:၄၅ ၅။ **'မီးမီးရဲ့ ဆုံးဖြတ်ချက်'** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသန္တာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)
၄:၅၅ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၁၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၀ ၁၁။ တေးဂီတအစီအစဉ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **'ရွှေမင်းသားလေးချစ်ပုံပြင်'** အပိုင်း(၄)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မာယာထောင်ချောက်"** (အပိုင်း-၂၉)
၁၇။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အင်တာနက် အားကစား ဖောင်ပိတ်သတင်း

အီတလီနှင့် ရိုမေးနီးယား သရေပွဲကြုံ ကမ္ဘာ့ချန်ပီယံ ကွာတားတက်ရေး အလှမ်းဝေး

ဘေဆယ် ဇွန် ၁၃

ယူရို ၂၀၀၈ အုပ်စု (ဂ) ဘောလုံးပွဲစဉ်အဖြစ် နာမည်ကြီးအီတလီအသင်းနှင့် ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ကမ္ဘာ့ချန်ပီယံ အီတလီအသင်းသည် ပြီးခဲ့သည့် အဖွင့်ပွဲစဉ်တွင် နယ်သာလန်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့၍ ရိုမေးနီးယားအား အနိုင်ကစားရန် ပြင်ဆင်ခဲ့ကြသည်။

အီတလီအသင်း၏ တိုက်စစ်ဆင် အနိုင်ကစားလိမ့်မည်ဟု ကြိုတွက်ထားသော ရိုမေးနီးယားအသင်းကလည်း ဂိုးမပေးရရေးအတွက် ပိတ်ဆို့ကစားခဲ့သည်။ တစ်သင်းနှင့်တစ်သင်း ဂိုးမပေးရရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သဖြင့် ပထမပိုင်းပြီးသည်အထိ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

ဒုတိယပိုင်းပြန်စချိန်တွင် ရိုမေးနီးယားတို့ တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ တိုက်စစ်မှူး အေဒရီယမ်မူတူးက ရိုမေးနီးယားအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းယူခဲ့မှုကြောင့် ကမ္ဘာ့ချန်ပီယံ အီတလီအသင်း အုပ်စုမှထွက်ရေး ခြိမ်းခြောက်လာသည်။ အီတလီတို့ ချေပဂိုးသွင်းနိုင်ရေး ပြန်လည်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ အီတလီကစားသမားပါနူစီက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ရိုမေးနီးယားတိုက်စစ်မှူး မူတူး အီတလီဘက်သို့ ဦးသို့ အဖွင့်ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၈၁မိနစ်တွင် ရိုမေးနီးယားအသင်းက ပယ်နယ်တီကန်ခွင့်ရသည်။ ယင်းပယ်နယ်တီကို မူတူးကန်သွင်းရာ အီတလီဂိုးသမား ဘတ်ဖွန်း ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့၍ ရိုမေးနီးယားတို့ သေချာပေါက်ဂိုးတစ်ဂိုး နစ်နာခဲ့ရသည်။

အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားသော်လည်း ပွဲပြီးသည်အထိ ထပ်မံဂိုးမသွင်းနိုင်သဖြင့် သရေပွဲဖြစ်ခဲ့သည်။ အီတလီအသင်းသည် သရေပွဲကြုံခဲ့သဖြင့် နှစ်ပွဲကစားပြီး တစ်မှတ်သာရသေးသည်။ ဇွန် ၁၇ ရက်တွင် အီတလီတို့ ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်၍ ကွာတားဖိုင်နယ်တက်ရေး မျှော်လင့်ချက်မှာ မှေးမှိန်ခဲ့ရသည်။

ယနေ့ကစားမည့် အုပ်စု(ဃ)ပွဲစဉ်များ

ဆွီဒင် - စပိန်
ဂရိ - ရုရှား

မအူပင်မြို့ စိန်ဟသာ်စာသင်တိုက်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောကျောင်းနေရာတွင် တိုက်ကျောင်းအသစ်ဆောက်လုပ်ရန် ဇွန် ၁၀ရက်က ပထမအကြိမ်မတည်ငွေ ကျပ်သိန်းတစ်ရာကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တခန္တီဝါဒထံ ရန်ကုန်မြို့နေ သီရိသုမင်္ဂလာ မဏီဇောတရေ ဦးသန်းထွန်း(ကုံကော်ရွှေပြည်)-ဒေါ်မြသွေး မိသားစုက ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **PTTEPI** ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် **M-3** နှင့် **M-7** တို့တွင် ရေနံတွင်းများကို **4th Drilling Campaign** အဖြစ် ရေနံတွင်းတူးစက် **Jackup Drilling Rig "West Ariel"**ဖြင့် ဇွန် ၁၈ရက်မှ ဩဂုတ် ၁၈ရက်ခန့်အထိ ရေနံရှာဖွေ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

4th Drilling Campaign အဖြစ် တူးဖော်မည့်ရေနံတွင်းများ၏တည်နေရာများမှာ လုပ်ကွက်အမှတ် **M-3 Location M-3-002** တွင် **Point-A** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၃၈ဒသမ၄၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၄ဒသမ ၂၈စက္ကန့်၊ **Point -B** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၃၈ဒသမ ၄၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၁၀မိနစ် ၄၄ဒသမ ၁၈စက္ကန့်၊ **Point-C** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ် ၃၄ ဒသမ၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၀မိနစ် ၄၄ဒသမ ၁၈စက္ကန့်၊ **Point-D**မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ် ၃၄ဒသမ ၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ ၀၇မိနစ်၃၄ဒသမ၂၈စက္ကန့်တွင်လည်းကောင်း၊ **Location M-3-064** တွင် **Point-A** မြောက်လတ္တီတွဒ်၁၅ဒီဂရီ၃၄မိနစ်၃၇ဒသမ၂၈စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၄မိနစ် ၂၃ဒသမ၆စက္ကန့်၊ **Point-B** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၄မိနစ် ၃၇ဒသမ ၂၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၃ဒသမ ၄၈စက္ကန့်၊ **Point-C** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၁မိနစ် ၃၃ဒသမ ၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၇မိနစ် ၃၃ဒသမ၄၈စက္ကန့်၊ **Point-D** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၁မိနစ် ၃၃ဒသမ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၄မိနစ် ၂၃ ဒသမ ၆စက္ကန့်တွင်လည်းကောင်း၊ လုပ်ကွက်အမှတ် **M-7 Location M-7-001** တွင် **Point-A** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၀မိနစ် ၄၂ဒသမ ၀စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၁၆မိနစ် ၄၁ဒသမ ၈စက္ကန့်၊ **Point-B** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၀မိနစ် ၄၂ဒသမ ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၁၉မိနစ်၄၄ဒသမ၉စက္ကန့်၊ **Point-C** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၇မိနစ် ၃၆ဒသမ ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၉မိနစ် ၄၄ဒသမ ၉စက္ကန့်၊ **Point-D** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၇မိနစ် ၃၆ဒသမ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၄၁ဒသမ ၈စက္ကန့်အတွင်းတွင်လည်းကောင်း၊ လုပ်ကွက်အမှတ် **M-7 Location M-7-006**တွင် **Point-A**မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၀မိနစ် ၃၉ဒသမ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၅၉ဒသမ၁စက္ကန့်၊ **Point-B** မြောက်လတ္တီ တွဒ်၁၅ဒီဂရီ ၁၀မိနစ်၃၉ဒသမ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ ၁၈မိနစ် ၀၉ဒသမ၀စက္ကန့်၊ **Point-C** မြောက်လတ္တီတွဒ်၁၅ဒီဂရီ ၀၇မိနစ် ၃၅ဒသမ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၁၈မိနစ်၀၉ဒသမ၀စက္ကန့်၊ **Point-D**မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၀၇မိနစ် ၃၅ဒသမ၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄မိနစ် ၅၉ဒသမ ၁စက္ကန့်အတွင်းတွင် လည်းကောင်း၊ **Individual Location of Well**တွင် **Point WC-M3-002** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၃၂မိနစ်၀၆ ဒသမ ၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၀၉မိနစ်၀၉ဒသမ ၁စက္ကန့်၊ **Point WC-M3-064** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၃မိနစ် ၀၅ဒသမ၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၀၅မိနစ် ၅၈ဒသမ ၄စက္ကန့်၊ **Point WC-M7-001** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၁၉မိနစ်၀၈ဒသမ၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၈မိနစ်၁၀ဒသမ၅စက္ကန့် နှင့် **Point WC-M7-006** မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၀၉မိနစ်၀၇ဒသမ ၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၆မိနစ် ၃၄ဒသမ ၁စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် **M-3** နှင့် **M-7**တွင် ရေနံတွင်း တူးစက် **West Ariel** ဖြင့် ရေနံတွင်းများကို **4th Drilling Campaign** အဖြစ် တူးဖော်စမ်းသပ်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် **Notice to Mariner's** ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းစင်များနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

မည်သူမဆို စနစ်တကျရှိသော လှူဒါန်းမှုမျိုးဖြင့် မည်သည့်ဒေသတွင်မဆို လှူဒါန်းနိုင်ကြောင်း နယ်သာလန်အဖွဲ့က ဆက်လက် သတင်းဖြန့်ဝေပေးသွားမည်

သတင်းဆောင်ပါး - မျိုးညွန့် (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - ငွေအောင် (ကြေးမုံ)
စာမျက်နှာဖွဲ့စည်းမှု - ကျော့မောင်မောင်

လပွတ္တာ ဇွန် ၁၃

မိမိတို့သတင်းအဖွဲ့သည် ဇွန် ၆ ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ သွားရောက်၍ လေဘေးသင့် ဒေသများ၏ အခြေအနေမှန်များကို ပြည်သူများထံ တင်ပြနိုင်ရန် ရောက်ရှိခဲ့ပါသည်။

ဇွန် ၈ရက် နံနက်ပိုင်းက ကျွန်တော်တို့သတင်းအဖွဲ့သည် လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လေ့လာရန် လပွတ္တာမြို့ ဆိပ်ကမ်းကွပ်ကဲရေးစခန်းသို့ ရောက်ရှိပြီး ရေယာဉ်ဖြင့်ထွက်ခွာရန် စောင့်ဆိုင်းနေစဉ် လေဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရေးသုံးပစ္စည်းများလှူဒါန်းရန် အောင်တံခွန်ဝေရေယာဉ် ဆိုက်ကပ်လာသည်ဟု သတင်းရရှိ၍ ယင်းရေယာဉ်ဆီသို့ ရောက်ရှိခဲ့သည်။

ယင်းရေယာဉ်ပေါ်တွင် နိုင်ငံခြားသားသုံးဦးနှင့် မြန်မာတစ်ဦး လိုက်ပါလာပြီး ၎င်းတို့ကို တွေ့ဆုံမေးမြန်းခဲ့ရာ အလှူရှင်မှာ နယ်သာလန်နိုင်ငံ Consortium of Dutch NGO'S အဖွဲ့မှဖြစ်ပြီး လပွတ္တာမြို့နယ် စလူဆိပ်နှင့် လွှစာကျေးရွာတို့သို့ သွားရောက်လှူဒါန်းရန် လက်တွန်းထွန်စက် အစီး၅၀နှင့် ရွက်ဖျင်တဲ ၁၆၄လုံးပါရှိလာကြောင်း သိရသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် Mr.Simon Langbroek က မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာ မီဒီယာများက ထုတ်လွှင့်နေသည့် သတင်းများမှာ မှန်ကန်မှုမရှိသည်ကို လက်တွေ့သိရှိရပြီ ဖြစ်ပါကြောင်း။

၎င်းတို့အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများတွင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကိုယ်တိုင်ကိုယ်ကျ ကြားသိမြင်တွေ့ရသဖြင့် အားရကျေနပ်မှု ဖြစ်မိကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၎င်းတို့ကြားသိခဲ့ရသည်များနှင့် ယခုတွေ့မြင်ရမှုများသည် တခြားစီဖြစ်နေ၍ ယခုလှူဒါန်းမည့် အစီအစဉ်အတွက် ၎င်းတို့ များစွာဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ပြီး တိုက်ရိုက်လှူဒါန်းမည့် အစီအစဉ်ကိုတင်ပြခဲ့ရာ ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၎င်းတို့အဖွဲ့အား အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ယခုလှူဒါန်းမည့် ပစ္စည်းများကို တောင်သူလယ်သမားများ လက်ဝယ်ရောက်အောင် သွားရောက် ပေးအပ်ပြီး စနစ်တကျ အသုံးပြုနိုင်အောင်လည်း လက်တွေ့သရုပ်ပြသပေးမည် ဖြစ်ကြောင်း ပြောပြသည်။



နယ်သာလန်နိုင်ငံ **Consortium of Dutch NGO'S** အဖွဲ့ခေါင်းဆောင် **Mr. Simon Longbroek** နှင့် အဖွဲ့ဝင်များ။

ဆက်လက်၍ ၎င်းတို့အဖွဲ့အနေဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းမည့်အပြင် ရေရှည်လှူဒါန်းမည့် အစီအစဉ်များလည်းရှိကြောင်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍများအတွက် လိုအပ်သည့် ပစ္စည်းများကိုလည်း လှူဒါန်းမည် ဖြစ်သည့်အပြင် အခြားအဖွဲ့အစည်းများ ပါဝင်လှူဒါန်းနိုင်အောင် မိမိတို့အဖွဲ့က သတင်းမှန်များကို ဖြန့်ဝေ၍ တိုက်တွန်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

နယ်သာလန်နိုင်ငံ Consortium of Dutch NGO'S အဖွဲ့သည် မွန်းလွဲပိုင်းတွင် လှူဒါန်းမည့် ပစ္စည်းများ တင်ဆောင်ထားသော အောင်တံခွန်ဝေရေယာဉ်ဖြင့် လွှစာကျေးရွာသို့ ထွက်ခွာသွားကြသည်။ ။

မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာ မီဒီယာများက ထုတ်လွှင့်နေသည့် သတင်းများမှာ မှန်ကန်မှုမရှိသည်ကို လက်တွေ့သိရှိရ။ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများတွင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကိုယ်တိုင်ကိုယ်ကျ ကြားသိမြင်တွေ့ရသဖြင့် အားရကျေနပ်မှုဖြစ်မိ။

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် စလူဆိပ်နှင့် လွှစာကျေးရွာတို့ရှိ လေဘေးသင့်ပြည်သူများ လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန် နယ်သာလန်နိုင်ငံမှ လှူဒါန်းသည့် လက်တွန်းထွန်စက်များ အောင်တံခွန်ဝေ သင်္ဘောပေါ်၌ ဤသို့တွေ့ရသည်။

လူမလိမ္မာ ကျွန်မိစ္ဆာ(သို့မဟုတ်) သတင်းမုဆိုးနှင့် မနုဿမုဆိုးများ

ဒဏ်ရာရသူ ဦးသားငင်(၂၃)နှစ်အား ဆေးရုံတင်ကုသရန် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးနေစဉ်။

ပြီးခဲ့တဲ့ မေလဆန်းမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရတဲ့ ဒေသတွေက အသက်ရှင် ကျန်ရစ်သူတွေ ဆက်လက် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပူးပေါင်းပြီး ကယ်ဆယ်ရေးနဲ့ ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေကို အပြေးအလွှား အပူတပြင်း ဆောင်ရွက်ပေးခဲ့ကြပါတယ်။

အဲဒီ မေလထဲမှာပဲ SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ကတော့ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေသူတွေကို ဆက်လက် အသက်ရှင်ရပ်တည်ခွင့်မပေးဘဲ တုတ်၊ ဓားလက်နက်တွေနဲ့ ရက်ရက် စက်စက် ထိုးခုတ်သတ်ဖြတ်ပြီး သေတွင်းထဲကို ပို့ပစ်ခဲ့တယ်။

မုန်တိုင်းကျရောက်ချိန် မြစ်ဝကျွန်းပေါ်ဒေသက ရွာတစ်ရွာမှာ ရွာသူ ရွာသားတွေကို ဘေးလွတ်ရာကို ရွှေ့ပြောင်းခိုလှုံကြဖို့ နှိုးဆော် ပို့ဆောင်ရင်း တပ်မတော်သားရဲဘော်လေးတစ်ဦး အသက်ပေးလှူသွား ခဲ့ရတယ်။ မြစ်ဝကျွန်းပေါ်ဒေသမြို့တစ်မြို့ကနေ မြို့နယ်အတွင်းမှ ရွာနီးချုပ်စပ်တွေဆီကို ပဲ့ထောင်စက်လှေတွေနဲ့ ကယ်ဆယ်ရေး အဖွဲ့တွေ အမြန်စေလွှတ်ရှာဖွေစေခဲ့လို့ လေဘေးဒုက္ခသည် ၅၉၇ဦးကို အချိန်မီရှာဖွေတွေ့ရှိ ကယ်ဆယ်နိုင်ခဲ့တယ်။ မေလ ၁၄ရက်နေ့အထိ တပ်မတော်ရဟတ်ယာဉ်တွေနဲ့ ဒုက္ခသည် ၆၃၇ဦးကို ကယ်ဆယ် သယ်ယူ ရွှေ့ပြောင်းပေးနိုင်ခဲ့တယ်။ အရေးပေါ်လူနာ ၅၁ဦးကို အထူးကုဆေးရုံကြီးတွေဆီကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့တယ်။ နယ်မြေအချို့မှာ ရေပြင်အတိလွှမ်းနေလို့ ရဟတ်ယာဉ်ဆင်းမရပေမယ့် ရှာဖွေမြင်တွေ့နေရတဲ့ ဒုက္ခသည်တွေဆီ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းတွေကို အနီးကပ်ဆုံး ပျံသန်း ချပေးခဲ့ကြလို့ ဒုက္ခသည်တွေ အသက်ဆက်ပြီး ကယ်ဆယ်ရေးစခန်းတွေဆီ အရောက်လှမ်းနိုင် ခဲ့ကြတယ်။

အဲဒီသတင်းတွေကို နိုင်ငံပိုင်သတင်းစာတွေမှာရော ပုဂ္ဂလိက စာနယ်ဇင်းတွေမှာပါ ဖတ်ရှုသိရှိခဲ့ရတာဖြစ်ပါတယ်။ တချို့သတင်း မြင်ကွင်းတွေကို ရုပ်မြင်သံကြားမှာ တွေ့မြင်ခဲ့ရပါတယ်။ အဲဒီ သတင်း မြင်ကွင်းတွေထဲမှာ လိမ်တာညာတာ၊ ဝါဒဖြန့်တာ တစ်ခုမှမပါဘူး ဆိုတာ ဖြတ်သန်းခဲ့ရတဲ့ သတင်းသမား ဘဝအတွေ့အကြုံအရ ခံစားသိရှိ နေပါတယ်။ ထိမ်ချန်တာတွေ ရှိနေမလားဆိုပြီး ယထာဘူတ ကျကျ ဆန်းစစ်ကြည့်ခဲ့ပါသေးတယ်။ မြစ်ဝကျွန်းပေါ်တောင်ပိုင်း ဆိုတာ သစ်ပင်တစ်ပင်ရဲ့အမြစ်တွေလိုပဲ ချောင်းငယ်မြောင်းငယ်၊ ချောင်းလက်တက် မြစ်လက်တက်တွေ အလွန်ပေါများတဲ့ ဒေသဖြစ် ပါတယ်။ ဒေသအတွင်း ရှိရှိသမျှ လှေသမ္ဗန်နဲ့ ပဲ့ထောင်စက်အားလုံး နီးပါး နစ်မြုပ်ပျက်စီးသွားသလောက်ဖြစ်ခဲ့တာမို့ လတ်တလော အနေအထားမှာ နေရာအနှံ့ကိုရောက်အောင် ချက်ချင်းသွားဖို့ အခြေ အနေမပေးခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် ရှိသမျှ ရဟတ်ယာဉ် တွေနဲ့ လှည့်လည်ပျံသန်းကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးပစ္စည်း တွေလည်းပို့၊ ဒုက္ခသည်တွေကို ရွှေ့ထုတ်၊ လူနာတွေကိုလည်း သယ်ပို့နဲ့ ပျားပန်းခပ်သလို လုပ်ဆောင်ပေးနေရတယ်ဆိုတာ ခံစား နားလည်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို လတ်တလော အပူတပြင်း အပြေး အလွှား လုပ်ဆောင်နေရချိန်မှာ အစိုးရနဲ့ ပုဂ္ဂလိက မီဒီယာသမားတွေ၊ ကူညီထောက်ပံ့ လှူဒါန်းသူတွေအနေနဲ့ နေရာအနှံ့ကို ဘယ်လို ခြေဆန့်ပြီး ရောက်ရှိနိုင်မလဲ၊ ရောက်သွားတယ်ဆိုသည့်တိုင် လေဘေး သင့် ဒေသတစ်ခုလုံးကို လွှမ်းခြုံရှုမြင်သုံးသပ်နိုင်စွမ်း ရှိနိုင်ပါ့မလား၊ အလုံးစုံရဲ့ တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်ပြီး သတင်းကို အရှိ အတိုင်းမဖော်ပြဘဲ ခံစားချက်တွေ၊ ထင်မြင်ယူဆချက်တွေ၊ ဝေဖန် သုံးသပ်ချက်တွေနဲ့ ရောသမမွှေလိုက်ကြတာမို့ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုအတွက် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ အကွက်ထဲ ဝင်သွားခဲ့ကြကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သူတို့အတွက်တော့ ဒါဟာ ပွဲကြီးပွဲကောင်းပါ၊ လူသားချင်း စာနာ ထောက်ထားမှုနဲ့ ကူညီချင်ပါတယ်ဆိုတဲ့သူတွေဟာ စာနာ ထောက်ထားမှု၊ နားလည်သဘောပေါက်မှုတွေကို လျစ်လျူရှုပြီး လူသားများအပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုဆိုတာနဲ့တောင် ခေါင်းစဉ် ပြောင်းပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်နဲ့ ကမ္ဘာကိုမျက်လှည့်ပြ ခဲ့ကြပါတယ်။ ရေနစ်သူကို ဝါးကူထိုးဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ မိုးလုံးပြည့် မုသာဝါဒီတွေက စိတ်ဓာတ်မုန်တိုင်း ထပ်ဆင်နေတာ တွေ့နေရပါတယ်။

လေဘေးသင့်ပြည်သူတွေကို ကယ်ဆယ်ကူညီရေးမှာ အလွန် ကျယ်ပြန့်မှု၊ အခက်အခဲအမျိုးမျိုးရှိမှုတွေကြောင့် ဖြစ်ခဲ့ရတဲ့အားနည်းမှု လေးတွေကို တစ်ဆိတ်တစ်အိတ်လုပ်ပြီး "လူသားများအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု"လို့ ခေါင်းစဉ်တပ် ကြွေးကြော်ခဲ့ကြတဲ့ မိုးလုံးပြည့် မုသာဝါဒီသမားတွေဟာ SSA-S ရှက်ဆစ်အဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကုန်းလေမုတ် ကျေးရွာမှာ အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး ကျူးလွန်ခဲ့တဲ့ သတင်းကိုတော့ ရေငုံနှုတ်ပိတ် လုပ်နေကြတာ တွေ့ရပါတယ်။ အိပ်ချင်ယောင်ဆောင်နေခဲ့ကြပါတယ်။ သတင်းမှောင်ချထားပါတယ်။ ပြည်ပသတင်းဌာနတွေမှာ ဘယ်လိုများ ထင်မြင်သုံးသပ်ချက်ပေး မလဲလို့ စောင့်ကြည့်လေ့လာခဲ့ပေမယ့် မေလ ၃၁ရက် ညပိုင်း BBC မှာ SSA-S က လူသတ်မှုကျူးလွန်တာနဲ့ပတ်သက်ပြီး အစိုးရ အပေါ် အပြစ်ပုံချ ထုတ်လွှင့်သွားတဲ့ သတင်းတစ်ပုဒ်ကလွဲလို့ တခြား ဘာမှ မကြားသိခဲ့ရပါဘူး။

ဒါဟာ ဘာအတွက်လဲ၊ ဘာကြောင့်လဲ၊ မြန်မာအစိုးရ လုပ်သမျှ အပုပ်ချ၊ အကြမ်းဖက်အဖျက်သမားတွေ လုပ်သမျှ ဟုတ်သပဆိုတဲ့ မူဝါဒကြောင့်လား၊ သိန်းနဲ့ချီတဲ့ ဒုက္ခသည်တွေရဲ့ အသက်ကို ကိုယ့်အားကိုယ်ကိုးပြီး ကယ်ဆယ်တာကို အပြစ်မြင်ပြီး အပြစ်မဲ့ ပြည်သူ တစ်ဒါဇင်ခန့်ကို ပြည်ပအားကိုးနဲ့သတ်ဖြတ်တာကို အချစ်ဝင် နေလို့လား၊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေ ပြောခဲ့သမျှ၊ ထုတ်လွှင့်ခဲ့သမျှ သတင်းဖြစ်စဉ်တွေ အားလုံးက အဲဒီကောက်ချက် တွေကိုပဲ ညွှန်ပြနေတာ တွေ့နေရပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အကောင်းမမြင်တဲ့ သတင်းတွေ ကိုသာ ထမင်းမေ့၊ ဟင်းမေ့၊ ဆွေမေ့မျိုးမေ့၊ တစ်နေ့တစ်မျိုး မရိုးရအောင် ထုတ်လွှင့်သွေးထိုးနေတဲ့ သတင်းမုဆိုးတွေကို မုဆိုး စိုင်သင်တယ်လို့တော့ မထင်လိုက်ပါနဲ့။ ပြည်ပသတင်းဌာနမှာ သတင်းမုဆိုးကြီးတွေဖြစ်လို့ သတင်းခြေရာခံ၊ ခြေရာကောက်တဲ့ အတတ်ပညာမှာ တစ်ဖက်ကမ်းခတ်နေမှာပါ။ ဒါပေမယ့် တစ်ဖက်မြင်၊ တစ်ဖက်ကန်းနေတာလား၊ မေ့ပင်အောက်ရောက်ပြီး တမင်မေ့ပျောက် ထားတာလား မသိရလို့ SSA-S ရှက်ဆစ်အဖွဲ့ဆိုတာ ဘာလဲ၊ ဘယ်လဲဆိုတာ သရုပ်ခွဲပြချင်ပါတယ်။

SSA-S ရှက်ဆစ်အဖွဲ့ဟာ ဘိန်းမှောင်ခိုအကြမ်းဖက် အဖျက် သမား အဖွဲ့သာဖြစ်ပါတယ်။ နယ်ချဲ့လက်သစ်နိုင်ငံကြီးက မြန်မာ နိုင်ငံအပေါ် နောက်ကျောကို ဓားနဲ့ထိုးဖို့ လုပ်ကြံလာတာကြောင့် ဦးခွန်ဆာဦးဆောင်တဲ့ MTA အဖွဲ့ဟာ ၁၉၉၆ခုနှစ် ဇန်နဝါရီလမှာ လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တယ်။ ရှက်ဆစ်ဟာ MTA အဖွဲ့နဲ့အတူ ပါလာပြီးမှ ဘိန်းမှောင်ခိုအကြွေးတွေ ပြန်ရဖို့ မူးယစ်ဆေးမှောင်ခိုလုပ်ငန်းကို ဆက်လုပ်လိုတဲ့အတွက် တောပြန်ခိုခဲ့တယ်။ အဲဒီကနေ ရှမ်း သောင်းကျန်းသူလက်ကျန် ခွန်ကြာနုတို့နဲ့ဆက်သွယ်မိပြီး နယ်စပ်မှာ SURA ဆိုတာကိုဖွဲ့ပြီး လက်နက်ကိုင်သောင်းကျန်းခဲ့တာဖြစ် ပါတယ်။ နောက်ပိုင်းမှာ SSA-S လို့ အမည်ခံခဲ့တယ်။ ရှက်ဆစ် အဖွဲ့ရဲ့ ဌာနချုပ်ဟာ မိုင်းန၊ လွယ်တိုင်းလျှံမှာ အခြေပြုထားတယ်။ နိုင်ငံခြားသားတွေ၊ ပြည်ပသတင်းမီဒီယာတွေ တံခါးမရှိ၊ ဓားမရှိ ဥဒဟိုဝင်ထွက်နေတဲ့နေရာမို့ သတင်းမုဆိုးကြီးတွေလည်း ရောက်ဖူး ကြမှာ သေချာပါတယ်။ အဲဒီ လွယ်တိုင်းလျှံအနီးတစ်ဝိုက်မှာ ဘိန်းချက်စခန်းတွေရှိတယ်၊ ငွေစက္ကူအတုလုပ်တဲ့စက်တွေ ထား တယ်ဆိုတဲ့ သတင်းအနံ့ကိုလည်း ခံမိကြမှာပါ။ ဒီနေရာမှာ

SSA-S အကြမ်းဖက်သောင်းကျန်းသူများက သတ်ဖြတ်ခဲ့သော်လည်း အသက်မသေဘဲလွတ်မြောက်လာသူ ဦးသားငင် ရရှိခဲ့သော ဒဏ်ရာများကို မောက်မယ်ပြည်သူ့ဆေးရုံ၌ ချုပ်ပေးနေစဉ်။

စာရှည်သွားမှာမို့ ရှက်ဆစ် အဖွဲ့ရဲ့ ဗမာမုန်းတီးရေးဝါဒကို ဖန်းပြ၊ ရှမ်းလူမျိုးကြီးဝါဒကို ကျင့်သုံးပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ် မှုတွေ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုတွေ၊ အစုလိုက် အပြုံလိုက် မုဒိမ်းကျင့်မှုတွေကိုပဲ အဓိကထား ဖော်ပြသွားပါ့မယ်။

၁၉၉၃ခုနှစ် ဖေဖော်ဝါရီလ ၉ရက်နေ့မှာ ပန်တဝိရွာရှိ တပ်မတော်စခန်းကို အလုံးအရင်းနဲ့တိုက်ခိုက်ပြီး မနိုင်လို့ပြန်ဆုတ်ရ

လေ့လာသူတ…

ချိန်မှာ ရွာလုံးကျွတ် မီးတင်ရှို့ခဲ့တယ်။ ရွာ…
ပစ်ခတ် သတ်ဖြတ်ခဲ့လို့ လူ ၆၀ သေပြီး ၃…

၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်…
မီးသွေးကုန်း(ဗမာရွာ)ကို မီးဝင်ရှို့ပြီး အ…
ပြုကျင့်ခဲ့တယ်။ ကလေး လူကြီး ၁၃…
ရှစ်ယောက်ဒဏ်ရာရခဲ့တယ်။

SSA-S အကြမ်းဖက်သောင်းကျန်းသူမျ…
လည်း အသက်မသေဘဲလွတ်မြောက်လာ…
(ဘ)ဦးသန်းမောင်အား ရရှိခဲ့သောဒဏ်ရာ…
စည်းပြီးနောက် တွေ့ရစဉ်။

အဲဒီနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှာပဲ…
မီးသွေးလာဖုတ်တဲ့ အရပ်သား ၂၃ဦးကို…
ရက်ရက်စက်စက် ပစ်သတ်ခဲ့တယ်။

ဇွန်လ ၁၃ရက်နေ့မှာ ကွန်ဟိန်း-ကျိုင်…
ကနေ ခရီးသည်တင်ယာဉ် အစီး ၅၀ကို…
အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။…
ဗမာလူမျိုးတွေကို သီးခြားစုဝေးထိုင်ခိုင်းပြီ…
၂၆ဦးသေပြီး ငါးဦး ဒဏ်ရာရခဲ့တယ်။

၁၉၉၈ခုနှစ် မေလ ၂၁ရက်နေ့မှာ…
အတွင်း ချိန်ကိုက်မိုင်းခွဲခဲ့လို့ တစ်ဦးသေပြီး…
အဲဒီနှစ် အောက်တိုဘာလ ၁၈ရက်နေ့မှာ…
ကျောက်တောင်ရွာအနီးမှ ကျောက်ခွဲအလ…
တုတ်တွေ၊ ဓားတွေနဲ့ ရိုက်နှက် ထိုးခုတ်သ…

၂၀၀၃ခုနှစ် မတ်လ ၂၄ရက်နေ့မှာ ကွ…
ဂူကျောင်းကို ဝင်ရောက်ပစ်ခတ်လို့ ဦးပဥ္စင်း…
ကိုရင်တစ်ပါး ဒဏ်ရာရခဲ့တယ်။

၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့မှာ ဟို…
တိုင်းရင်းသားတွေ အများစုနေထိုင်တဲ့ ထီတ…
ပန်မိုင်းရွာတွေကို မီးတင်ရှို့ခဲ့လို့ အိမ်ခြေ ၁၀၀…

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အကောင်းမမြင်တဲ့ …
ဆွေမေ့မျိုးမေ့၊ တစ်နေ့တစ်မျိုး မရိုးရအောင် ထု…
မုဆိုးစိုင်သင်တယ်လို့တော့ မထင်လိုက်ပါနဲ့။ ပြည်ပ…
သတင်းခြေရာခံ၊ ခြေရာကောက်တဲ့ အတတ်ပညာမှ…
တစ်ဖက်မြင်၊ တစ်ဖက်ကန်းနေတာလား၊ မေ့ပင်အော…
မသိရလို့ SSA-S ရှက်ဆစ်အဖွဲ့ဆိုတာ ဘာလဲ၊ …

သမုဆိုးများ

လေ့လာသူတစ်ဦး

ချိန်မှာ ရွာလုံးကျွတ် မီးတင်ရှို့ခဲ့တယ်။ ရွာသူရွာသားတွေကိုလည်း ပစ်ခတ် သတ်ဖြတ်ခဲ့လို့ လူ၆၀ သေပြီး ၃၀ ဒဏ်ရာရခဲ့တယ်။

၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁၈ရက်ညမှာ နမ့်စန်မြို့နယ်မှ မီးသွေးကုန်း(ဗမာရွာ)ကို မီးဝင်ရှို့ပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။ ကလေး လူကြီး ၁၃ယောက် သတ်ဖြတ်ခံရပြီး ရှစ်ယောက်ဒဏ်ရာရခဲ့တယ်။

SSA-S အကြမ်းဖက်သောင်းကျန်းသူများက သတ်ဖြတ်ခဲ့သော်လည်း အသက်မသေဘဲလွတ်မြောက်လာသူ ဦးသန်းဇော်(၃၃)နှစ်(ဘ)ဦးသန်းမောင်အား ရရှိခဲ့သောဒဏ်ရာများကို ချုပ်ပြီး/ပတ်တီးစည်းပြီးနောက် တွေ့ရစဉ်။

အဲဒီနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှာပဲ နမ့်စန်မြို့ ရပ်ကွက်(၆)မှ မီးသွေးလာဖုတ်တဲ့ အရပ်သား ၂၁ဦးကို ဖမ်းပြီး အကြောင်းမဲ့ ရက်ရက်စက်စက် ပစ်သတ်ခဲ့တယ်။

ဇွန်လ ၁၃ရက်နေ့မှာ ကွန်ဟိန်း-ကျိုင်းတုံကားလမ်း တစ်နေရာကနေ ခရီးသည်တင်ယာဉ် အစီး ၅၀ကို ဓားပြတိုက်လုယက်ပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်ခဲ့တယ်။ ခရီးသည်တွေအထဲက ဗမာလူမျိုးတွေကို သီးခြားစုဝေးထိုင်ခိုင်းပြီး ဝိုင်းဝန်းပစ်ခတ်ခဲ့လို့ ၂၆ဦးသေပြီး ၄ါးဦး ဒဏ်ရာရခဲ့တယ်။

၁၉၉၈ခုနှစ် မေလ ၂၁ရက်နေ့မှာ မန္တလေးမြို့မရပ်ရှင်ရုံအတွင်း ချိန်ကိုက်မိုင်းခွဲခဲ့လို့ တစ်ဦးသေပြီး ၁၁ဦး ဒဏ်ရာရခဲ့တယ်။ အဲဒီနှစ် အောက်တိုဘာလ ၁၈ရက်နေ့မှာ ပင်လုံ-လဲချားကားလမ်း ကျောက်တောင်ရွာအနီးမှ ကျောက်ခွဲအလုပ်သမား ခြောက်ဦးကို တုတ်တွေ၊ ဓားတွေနဲ့ ရိုက်နှက် ထိုးခုတ်သတ်ဖြတ်ခဲ့တယ်။

၂၀၀၃ခုနှစ် မတ်လ ၂၄ရက်နေ့မှာ ကွန်ဟိန်းမြို့ လွိုင်ကုံကျေးရွာ ဂူကျောင်းကို ဝင်ရောက်ပစ်ခတ်လို့ ဦးပဥ္စင်းတစ်ပါး ပျံလွန်တော်မူပြီး ကိုရင်တစ်ပါး ဒဏ်ရာရခဲ့တယ်။

၂၀၀၅ခုနှစ် မတ်လ ၂၆ရက်နေ့မှာ ဟိုပုန်းမြို့နယ်အတွင်း ပအိုဝ်းတိုင်းရင်းသားတွေ အများစုနေထိုင်တဲ့ ထီတခု၊ နောင်ဒေး၊ မုန်းလွတ်၊ ပန်မိုင်းရွာတွေကို မီးတင်ရှို့ခဲ့လို့ အိမ်ခြေ ၁၀၀ကျော် မီးလောင်ပျက်စီးပြီး ရွာသူရွာသား ၄၄၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတယ်။ ထီတခုရွာ မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့တယ်။

ဒါတွေဟာ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု သာဓကအချို့သာ ဖြစ်ပါသေးတယ်။ တစ်ဦးစ နှစ်ဦးစ ပစ်ခတ်သတ်ဖြတ်မှုတွေ အမြောက်အမြား ကျူးလွန်ခဲ့တယ်။ အဓမ္မလူသစ်စုဆောင်းမှုတွေကိုလည်း အဆက်မပြတ်လုပ်ခဲ့တယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ကိုတောင်မချန်ဘဲ အဓမ္မဖမ်းဆီးခေါ်ဆောင်နေလို့ မိဘတော်တော်များများဟာ ကလေးသူငယ်တွေကို ရွာမှာမထားရဲဘဲ နီးစပ်ရာမြို့ကြီးတွေက ဘုန်းကြီးကျောင်းတွေပို့ပြီး ကိုရင်ဝတ်ခိုင်းနေရတဲ့အထိ မိသားစုခွဲခွာရမှုတွေ ဖြစ်ပွားနေပါတယ်။

ဒီလုပ်ရပ်တွေ၊ ဖြစ်စဉ်တွေကို သတင်းမှတ်တမ်း ဓာတ်ပုံတွေ၊ စာအုပ်စာစောင်တွေအဖြစ် မှတ်တမ်းတင်ထုတ်ဝေဖြန့်ချိပြီး ဖြစ်ပါတယ်။ သတင်းမုဆိုးကြီးတွေဆီမှာ တောတွင်းလမ်းညွှန်အဖြစ် စုဆောင်းသိမ်းဆည်းထားရမယ့် အထောက်အထားတွေပါ။

ခိုင်လုံတဲ့ နောက်ထပ် အထောက်အထားတစ်ခုကို လမ်းညွှန်ပါဦးမယ်။ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ ဖော်ပြပါလုပ်ရပ်တွေကို တားမရဆီးမရလို့ လုံးဝလက်မခံနိုင်တော့ဘဲ ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ရက်နေ့မှာ အဲဒီအဖွဲ့ရဲ့ ဒု-စစ်ဦးစီးချုပ်အဆင့်ရှိသူ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင်နဲ့ တပ်ဖွဲ့ဝင် ၈၄၈ ဦးဟာ လက်နက်ခဲယမ်းတွေနဲ့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။

ဦးမိန်းစင်အဖွဲ့ရဲ့ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်တဲ့ အခမ်းအနားကို သံတမန်တွေ၊ ကုလသမဂ္ဂ အေဂျင်စီများမှ တာဝန်ရှိသူတွေ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာတွေလည်း တက်ရောက်သတင်းယူခဲ့ကြပါသေးတယ်။ သတင်းမုဆိုးကြီးတွေတောင် ရှက်ဆစ်အဖွဲ့ လုံးဝဥဿုံ ပြိုကွဲပျက်သုဉ်းသွားမှာကို စိုးရိမ်ပူပန်ပြီး အတို့အထောင် သတင်းတွေနဲ့ ဝင်ထိန်းပေးခဲ့ကြသေးတယ် မဟုတ်လား။

အဲဒီအခမ်းအနားမှာ တပ်မဟာ(၇၅၈) ဒု-တပ်မဟာမှူး ဦးစိုင်းတက "ရှက်ဆစ်ဟာ ဗမာမုန်းတီးရေးဝါဒ စွဲကိုင်သူပါ။ သူ့ညွှန်ကြားချက်နဲ့ သတ်ဖြတ်ခြင်းခံရတဲ့ မီးသွေးကုန်းရွာသားတွေ၊ လမ်းခင်းလုပ်သားတွေ၊ ခရီးသည်တွေ မနည်းတော့ပါဘူး။ ကားတွေကို

SSA-S အကြမ်းဖက်သောင်းကျန်းသူများက သစ်ခုတ်သမားတစ်ဦး၏ လည်ပင်းကို ဓားဖြင့်လှီး၍ ရက်ရက်စက်စက် သတ်ဖြတ်ထားစဉ်။

ဓားပြတိုက်၊ ဗမာဆိုရင် သတ်၊ မိန်းမဆိုရင် မုဒိမ်းကျင့်၊ ပြီးရင် ပါသမျှငွေတွေကိုယူဆိုတဲ့ လုပ်ရပ်တွေဟာ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေပါ။ ပအိုဝ်းရွာတွေကိုလည်း တပ်မတော်ကို သတင်းပေးတယ်ဆိုပြီး စာသင်ကျောင်းပါမကျန် မီးရှို့ပစ်ခိုင်းတာတွေ၊ ပအိုဝ်းတွေကို ရှမ်းပြည်နယ်က မောင်းထုတ်တာတွေဟာ လူမျိုးရေးအမြင်ကျဉ်းမြောင်းပြီး အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်တဲ့အတွက် ခွဲထွက်ချင်ခဲ့တာကြာပါပြီ"လို့ ရှင်းလင်းပြောကြားသွားတာ မှတ်မိကြဦးမှာပါ။

SSA-S ရှက်ဆစ်အဖွဲ့ဟာ နိုင်ငံတော်နဲ့ ပြည်သူအပေါ် အကြမ်းဖက်နှောင့်ယှက် တိုက်ခိုက်မှုတွေကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ပြပါ အထောက်အထားတွေ ခိုင်လုံစွာ တွေ့ရှိရတဲ့အတွက် ရှက်ဆစ်ဦးစီးတဲ့ SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ အဖွဲ့ဝင်တွေကို နိုင်ငံတော်အစိုးရက ၂၅-၈-၂၀၀၆ရက်နေ့မှာ အကြမ်းဖက်သူများ(Terrorists)ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မသိကျိုးကျွန်ပြုပြီး သတင်းစပေါ်လာရင်လည်း သာသာထိုးထိုး ဖုံးဖုံးဖိဖိနဲ့ တပည့်မွေးထားသူတွေ ရှိနေလေတော့ SSA-S ရှက်ဆစ်အဖွဲ့ဟာ မြင်းကို ချီတပ်ပေးထားသလို အကြမ်းဖက်မှုတွေကို လက်ရဲဇက်ရဲနဲ့ အစုလိုက်အပြုံလိုက် သတ်မြဲသတ်ဆဲပါပဲ။

ပြီးခဲ့တဲ့ မေလ ၂၈ ရက်နေ့က မောက်မယ်မြို့နယ် ကုန်းလေမုတ် ကျေးရွာအနီးမှာ အသတ်ခံရတဲ့ သစ်စက်လုပ်သား ၁၁ ဦးရဲ့အဖြစ်ကတော့ မရှုရက် ၊ မမြင်ရက်စရာပါပဲ။ အဲဒီသတင်းနဲ့ပတ်သက်လို့ မေလ ၃၁ရက်နေ့ထုတ် သတင်းစာတွေမှာ ထုတ်ပြန်ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ သူတို့ အားလုံးဟာ ဗမာနဲ့ ပအိုဝ်းတွေ ဖြစ်ပါတယ်။ SSA-S ရှက်ဆစ် အဖွဲ့က "မင်းတို့တွေကို အကုန်သတ်ပစ်မယ်"လို့ ကြိမ်းဝါးပြီး ကြက်တွေကို လည်လှီးသလို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတာပါ။ လည်မလှီးခင်မှာ မချိမဆန့်ဖြစ်အောင် တုတ်တွေနဲ့ ဝိုင်းရိုက်ခဲ့ပါသေးတယ်။ လုပ်ပုံကတော့ ဗကပနဲ့ ၈၈ အကြမ်းဖက်သမားတွေတောင် ဆရာတင်လောက်ပါတယ်။ ဗကပက ဖြုတ်၊ ထုတ်၊ သတ် လုပ်ခဲ့ရာမှာ ဝါးရင်းတုတ်နဲ့ပဲ ရိုက်သတ်ခဲ့တယ်။ ၈၈ အကြမ်းဖက်သမားတွေကတော့ တုတ်မသုံးဘဲ ဓားနဲ့ခေါင်းဖြတ်သတ်ခဲ့တယ်။ ခု SSA-S က တုတ်ရော၊ ဓားရောသုံးခဲ့တာ တွေ့ရတယ်။ အဲဒီ ၁၁ဦးထဲက တစ်ဦးက ဒဏ်ရာကြီးနဲ့ ထွက်ပြေးလွတ်မြောက်လာလို့ ဖြစ်ပုံပျက်ပုံအလုံးစုံကို တိတိကျကျ သိရတာဖြစ်ပါတယ်။ ကျန် ၁၀ဦးကိုသတ်ပြီး လျှိုထဲကို ပစ်ချထားခဲ့ကြပါတယ်။ တပ်မတော်စစ်ကြောင်း ရောက်ရှိသွားချိန်မှာ လျှိုထဲပစ်ချထားခဲ့တဲ့ ၁၀ဦးအနက် မသေမရှင်ဖြစ်နေသူတစ်ဦးကို တွေ့ရလို့ အမြန်ကယ်တင်ပြီး ဆေးရုံပို့ပေးခဲ့ရတယ်။ အသတ်ခံရသူတွေကိုလည်း ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ရတယ်။ အဲဒီ သစ်စက်လုပ်သား ၁၁ဦးစလုံးသာ သေဆုံးသွားခဲ့ရင် သတင်းမုဆိုးတွေက ဖြစ်ရပ်မှန်ကို ဖုံးကွယ်ပြီး တပ်ကပဲ လုပ်သယောင် အတို့အထောင်လုပ်ကြဦးမှာ မြင်နေမိပါတယ်။

ပြီးခဲ့တဲ့ နှစ်လယ်လောက်မှာ ထင်ပါတယ်။ SSA-S အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဆိုသူတွေနဲ့ သတင်းမုဆိုးအဖွဲ့တစ်ဖွဲ့ တွေ့ဆုံ မေးမြန်းပြီး SSA-S အဖွဲ့က သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး တောင်းဆိုထားတဲ့စာ ပေးပို့ထားကြောင်း၊ အကြောင်းပြန်ကြားချက် မရသေးကြောင်း သတင်းနဲ့ဝင်ပြီး တီးခေါက်ကြည့်တာကို ကြားလိုက်ရတယ်။ ဘယ်အဖွဲ့တွေကို ဆွဲကြည့်ထားသလဲဆိုတော့ NCUB ဆိုတာနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေလေ။ ဒီပုတ်ထဲက ဒီပဲတွေပါပဲ။ နိုင်ငံတော်အစိုးရက NCGUB၊ FTUB၊ ABSDF၊ NLD(LA) စတဲ့ အကြမ်းဖက်အဖျက်အုပ်စုတွေကိုလည်း မတရားအသင်းနဲ့ အကြမ်းဖက်သမား(Terrorists)တွေဖြစ်ကြောင်း ကြေညာထားပြီးဖြစ်ပါတယ်။

ABSDF အဖွဲ့(မြောက်ပိုင်း)ဆိုရင် အချင်းချင်းဖြုတ်ထုတ်သတ်ပွဲတွေကို လက်ရဲဇက်ရဲကျူးလွန်ခဲ့တာပါ။ အဲဒီအဖွဲ့ဟာ ပြိုကွဲသွားပြီး အဖွဲ့ဝင်ဖြစ်တဲ့ သံချောင်းနဲ့အဖွဲ့ဟာ SSA-S ရှက်ဆစ်အဖွဲ့နဲ့ သွားပေါင်းခဲ့ပါတယ်။ သံချောင်းဟာ SSA-S ဖြစ်လာပြန်တော့လည်း အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့တာပါပဲ။ သံချောင်းက သူ့ကိုယ်သူ စဝ်ခွန်ကျော်လုပ်လိုက်သေးတယ်။ နောက်ဆုံး နမ့်ခမ်းမြို့နယ်အတွင်းမှာ တပ်မတော်နဲ့ ပြည်သူတို့ရဲ့ ဝိုင်းပတ်ပိတ်ဆို့မှုကြောင့် လက်နက်ချခဲ့ရတာ ဖြစ်ပါတယ်။

ABSDF ဟာ FTUB က မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေ၊ NCGUB က ပြည်ပြေးစိန်ဝင်းတို့နဲ့ပေါင်းပြီး မြို့ပေါ်တက်၊ အကြမ်းဖက်ဖောက်ခွဲပြီး လူတွေသတ်ခဲ့တာ မနည်းတော့ပါဘူး။ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ ဗုံးဖောက်ခွဲမှု၊ စာအိတ်ဗုံးပေးပို့ ဖောက်ခွဲမှု၊ ရန်ကုန်မြို့လူစည်ကားရာနေရာ သုံးနေရာ ဖောက်ခွဲဖျက်ဆီးမှုစတာတွေကို လုပ်ဆောင်ခဲ့တဲ့ အဖွဲ့ပါ။ SSA-S က တောထဲတောင်ထဲမှာအစုလိုက်အပြုံလိုက်သတ်တယ်။ NCGUB၊ FTUB၊ ABSDF စတဲ့အဖွဲ့တွေက မြို့ကြီးပြကြီးတွေတက်ပြီး အစုလိုက်အပြုံလိုက် သတ်တယ်။

အဲဒီအဖွဲ့တွေအားလုံးဟာ တော်လှန်စစ် ဆင်နွှဲနေသူတွေလား၊ ဒီမိုကရေစီအရေးလှုပ်ရှားနေတဲ့ နိုင်ငံရေးသမားတွေလား၊ နယ်မြေလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူတွေလား။ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေက အကြောက်အကန်ထောက်ခံပြီး ဖုံးကွယ်ပုံဖျက်ပေးနေပေမယ့် အဲဒီ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေဟာ ရာဇဝတ်ဘေးမှ ပြေးလို့လွတ်နိုင်မှာ မဟုတ်ပါဘူး။ သတင်းမုဆိုးကြီးတွေကိုလည်း သူများဓားခုတ်ရာမှာ လက်ဝင်လျှိုတဲ့အဖြစ်မျိုး ရောက်မသွားစေလိုပါဘူး။ ကိုယ်က သတင်းမုဆိုး၊ SSA-S၊ FTUB၊ ABSDF စတာတွေက မနုဿမုဆိုး၊ မုဆိုးအချင်းချင်း ရိုင်းပင်းနေတယ်ဆိုရင်တော့ ရှည်ရှည်ဝေးဝေး မပြောလိုတော့ပါဘူး။ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲက သောနုတ္တိုရ်လို လူစားမျိုးတွေပဲလို့ မှတ်ယူပါတော့မယ်။ သူတစ်ပါးကို နှုတ်စကားနဲ့ သတ်သူတွေ၊ တုတ် ဓားနဲ့ သတ်သူတွေကို စလေဦးပုညက "လူမလိမ္မာ ကျွန်မိစ္ဆာ"လို့ ဆိုထားတယ် မဟုတ်လား။ ။

SSA-S အကြမ်းဖက်သောင်းကျန်းသူများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သော သစ်ခုတ်သမား ကိုးဦး၏ အလောင်းများကို တွေ့ရစဉ်။

ပြီး အကောင်းမမြင်တဲ့ သတင်းတွေကိုသာ ထမင်းမေ့ ဟင်းမေ့ စ်မျိုး မရိုးရအောင် ထုတ်လွှင့်သွေးထိုးနေတဲ့ သတင်းမုဆိုးတွေကို မထင်လိုက်ပါနဲ့။ ပြည်ပသတင်းဌာနမှာ သတင်းမုဆိုးကြီးတွေဖြစ်လို့ ကာက်တဲ့ အတတ်ပညာမှာ တစ်ဖက်ကမ်းခတ်နေမှာပါ။ ဒါပေမယ့် းနေတာလား၊ မေ့ပင်အောက်ရောက်ပြီး တမင်မေ့ပျောက်ထားတာလား ဆစ်အဖွဲ့ဆိုတာ ဘာလဲ၊ ဘယ်လဲဆိုတာ သရုပ်ခွဲပြချင်ပါတယ်။

14-6 (09).pmd 1 6/14/2008, 2:50 AM

သွေးလှူရှင်များလှူဒါန်းဖို့ ဝိုင်းဝန်းကူညီကြပါစို့

ဒေါက်တာသီတာအောင်

ဇွန်လ ၁၄ ရက် (**ယနေ့**) သည် ၂၀၀၈ခုနှစ်၏ ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ကျရောက်လာပြန်ပါပြီ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၏ သဘောတူညီချက်ဖြင့်၂၀၀၅ခုနှစ်မှစ၍ ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် နှစ်စဉ်သတ်မှတ်ကျင်းပရန် အတည်ပြုခဲ့ကြသည်။ စိတ်ချလုံခြုံမှုရှိကြောင်းသေချာသော သွေးလှူရှင်များသည် သွေးသွင်းကုသမှုနှင့်အသက်ကယ်ရန်အတွက်အရေးကြီးဆုံးဖြစ်ကြောင်း ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်နှင့် သွေးလှူဒါန်းခဲ့သော သွေးလှူရှင်များအား ၎င်းတို့၏ လှူဒါန်းမှုများအတွက် ကျေးဇူးတင်ကြောင်း သိရှိစေရန် ရည်ရွယ်၍ ကျင်းပရန်ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။

နှစ်စဉ် အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံအများစုတွင် ပိုမိုတိုးချဲ့ ကျင်းပလာနိုင်ခဲ့ကြပါသည်။ ရည်ရွယ်ချက်များ ပေါ်လွင်စေရန် လှုပ်ရှားမှုပုံစံမျိုးစုံဖြင့် ကျင်းပခဲ့ကြပါသည်။နိုင်ငံ့အကြီးအကဲများ၏ တာဝန်ယူမှု၊ တော်ဝင်မိသားစုများနှင့် ထင်ပေါ်ကျော်ကြားသူများ၏ အားပေးမှု၊ သတင်းမီဒီယာအဖွဲ့များ၊ ပြည်သူများ၏လှုပ်ရှားမှုများဖြင့် ပုံစံမျိုးစုံ ကျင်းပခဲ့ကြပါသည်။

နိုင်ငံများအားလုံး၏ လှုပ်ရှားမှုများကို စုစည်း၍ မိမိတို့ တစ်ကြိမ်မှ တွေ့ကြုံ သိကျွမ်းဖူးခြင်း မရှိသော၊ လူသားတစ်ယောက်၏ အသက်နှင့် ကျန်းမာရေးကို မိမိတို့၏ သွေးလှူဒါန်းခြင်းဖြင့် စောင့်ရှောက်ပေးခဲ့သည့် တစ်ကိုယ်ကောင်းမဆန်သော၊ အနစ်နာခံရဲသည့် သွေးလှူရှင်ကြီးများအား ကျေးဇူးတင်ကြောင်း တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဖော်ပြခဲ့ကြသည်။ (www.wbdd.org) တွင် ကြည့်ရှုနိုင်ပါသည်။

စေတနာသွေးလှူရှင်များလှူဒါန်းသောသွေးများဖြင့် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့နိုင်သော သွေးလှူဘဏ်များရှိသည့် နိုင်ငံအရေအတွက်များ တဖြည်းဖြည်းတိုးပွားလာရာ ယခုအခါ နိုင်ငံပေါင်း ၃၀ ခန့် အထိ ရှိလာပြီဖြစ်သည်။ ၎င်းတိုင်းပြည်များတွင် ပုံမှန်လာရောက် လှူဒါန်းသော စေတနာ သွေးလှူရှင်များ၏ အရေးပါသော အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်စွာ ပေါ်လွင်နေပြီဖြစ်ပေသည်။

ပုံမှန်ပြန်လည် လှူဒါန်းနေသော သွေးလှူရှင်များသည် လုံခြုံစိတ်ချ၍ အန္တရာယ်အကင်းဆုံးဖြစ်ရုံသာမက၊ တိုင်းပြည်၏ သွေးထောက်ပံ့မှုကို လိုအပ်သမျှလူနာများ၊ လိုအပ်ချိန်တွင် အချိန်မီရရှိစေရန် အဓိကစွမ်းဆောင်ပေးနေသူများ ဖြစ်သည်။ တိုင်းပြည်၏ သွေးထောက်ပံ့မှု လုံလောက်စေရန် သင့်တော်စိတ်ချရသော သွေးလှူရှင်ကြီးများအား ပြန်လည်ခေါ်ယူခြင်းသည် အရေးကြီးဆုံးသော ဦးစားပေးလုပ်ငန်းဖြစ်နေကြောင်း ပေါ်လွင်ထင်ရှား နေပေသည်။

၂၀၀၈ခုနှစ်အတွက် ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ သွေးလှူရှင်များအား သွေးအချိန်မှန်ပြန်လည်လှူဒါန်းပေးနိုင်ရေး အတွက် လှုံ့ဆော်ရန် ရည်ရွယ်၍ "Many Happy Returns"၊ "Once is not enough"စသော ဆောင်ပုဒ်များနှင့် နှိုးဆော်ရန် ဆုံးဖြတ်ကြပါသည်။

ယခုနှစ်အတွက်အထူးလုပ်ဆောင်ရမည့် ရည်ရွယ်ချက်များမှာ-

- သွေးနှင့် သွေးပစ္စည်းများ အထူးသဖြင့် ကင်ဆာဝေဒနာရှင်များ၊ သွေးလွန်တုပ်ကွေး ရောဂါတို့တွင် လိုအပ်သော သွေးဥမွှားများသည် အချိန်တိုအတွင်းသာ သိုလှောင်နိုင်၍ ပုံမှန်သွေးလှူဒါန်းမှု၏ အရေးပါမှုကို ပြည်သူတို့အတွင်း ပိုမိုကျယ်ပြန့်စွာ လက်ခံလာစေရန်။
- ကျန်းမာစွာဖြင့် သွေးပုံမှန်လှူဒါန်းနေသော သွေးအလှူရှင်များသည် ပြည်သူတို့၏ ကျန်းမာသော ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် အဓိကပါဝင်နေသူများဖြစ်ကြောင်း ကျန်းမာရေးနှင့်ပတ်သက်သက်ဆိုင်သည့် တာဝန်ရှိသူများက ပိုမိုအသိအမှတ်ပြုပေးရန်၊
- သွေးလှူရှင်မှ မှန်မှန်ပြန်လည်လှူဒါန်းနိုင်ရန် သွေးလှူရှင်များ၏ ကျန်းမာရေးနှင့် သွေးလှူဒါန်းချိန်တွင် စောင့်ရှောက်မှုများကို ပိုမိုသတိထား ဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ပထမအကြိမ်သွေးလှူဒါန်းရာတွင်ဖြစ်စေ၊ ပုံမှန်ပြန်လည် လှူဒါန်းရာတွင်ဖြစ်စေ၊ သွေးလှူဒါန်းချိန်တိုင်းတွင် သွေးလှူရှင်တို့သည် ၎င်းတို့အတွက် လုံခြုံစိတ်ချမှုရှိမည့် ဂရုစိုက် စောင့်ရှောက်မှုကို ရရှိသင့်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့မှ ကမ္ဘာပေါ်ရှိ သွေးဘဏ်လုပ်ငန်းများအားလုံးအား မိမိတို့ဆောင်ရွက်နေသော သွေးလှူရှင်စောင့်ရှောက်မှုအစီအစဉ်များမည်သည့် အခြေအနေအထိ လုံခြုံမှုပေးနိုင်သည်ကို ဆန်းစစ်စေပြီး သွေးလှူရှင်များအတွက် အကောင်းဆုံးစောင့်ရှောက်မှုကို မိမိတို့ဒေသအတွင်း အခြေအနေကိုလိုက်၍ အတတ်နိုင်ဆုံး တိုးတက်အောင် ပြင်ဆင်ဆောင်ရွက်နိုင်စေရန် လှုံ့ဆော်ပေးခြင်း ဖြစ်ပေသည်။

ယခုနှစ်အခမ်းအနားကို UAE နိုင်ငံ Dubai မြို့တွင် ကျင်းပမည်ဖြစ်သည်။ အမျိုးသား သွေးဌာနမှ တွေ့ရှိရသော အချက်အလက်များအရ ပထမအကြိမ်သွေးလှူဒါန်းသူများတွင် တွေ့ရှိရသည့် ခုခံအားကျဆင်းမှုရောဂါပိုး တွေ့ရှိနှုန်းသည် ပုံမှန်လှူဒါန်းနေသော သွေးလှူရှင်များတွင် တွေ့ရှိရမှုထက် ၂၀၀၅ ခုနှစ်တွင် လေးဆ၊ ၂၀၀၆ခုနှစ်တွင် နှစ်ဆ၊ ၂၀၀၇ ခုနှစ်သုံးဆခန့် ပိုမိုမြင့်မားနေကြောင်းတွေ့ရှိရပါသည်။

ထို့ကြောင့် ပုံမှန်လှူဒါန်းနေသောသွေးလှူရှင်များသည်အန္တရာယ်ကင်းသော သွေးသွင်းကုသမှုကို ထောက်ပံ့နေသည့် အဓိက စွမ်းဆောင်ရှင်များ ဖြစ်သည်ဟူသော အဆိုကို လက်တွေ့ကျကျ လက်ခံရမည်ဖြစ်သည်။

သွေးလှူရှင်စုဆောင်းမှုအနေဖြင့် ပြည်သူများမှ ပိုမိုစိတ်ဝင်စားလာကြောင်းကို တိုးတက်လာသော ပထမအကြိမ်သွေးလှူရှင်များမှညွှန်ပြနေပေသည်။ (ပထမအကြိမ် သွေးလှူရှင် ၂၀၀၅ခုနှစ်တွင် ၁၀၇၃၅ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၁၀၉၇ဦး၊ ၂၀၀၇ ခုနှစ်တွင် ၁၃၅၄၇ဦး)

ပုံမှန်ပြန်လည်လှူဒါန်းနေသော သွေးလှူရှင်များမှာ ၂၀၀၅ခုနှစ်တွင် ၁၂၉၁၂ဦး၊ ၂၀၀၆ခုနှစ်တွင် ၁၂၄၉၁ ဦး၊ ၂၀၀၇ခုနှစ်တွင် ၁၃၆၅၀အထိ တိုးတက် လာကြောင်းကိုလည်း အားတက်ဖွယ်တွေ့ရပါသည်။

ပထမအကြိမ် သွေးလှူဒါန်းသူများအား ပိုးစစ်ဆေး တွေ့ရှိမှုကို လျော့နည်းစေရန်နှင့် စမ်းသပ်သောနည်းစနစ်မှ မကာကွယ်နိုင်သော ကြားကာလ ပိုးကူးစက်မှုကို တားဆီးနိုင်ရန်၊ သွေးလှူရှင်များအား သွေးမလှူဒါန်းမီ ဆန်းစစ်စေမှု အတွက် သင်တန်းများကို ၂၀၀၆ ခုနှစ်မှ စတင်၍ ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့်အမျိုးသားသွေးဌာနမှ ဆောင်ရွက်ခဲ့ရာ ယခုအခါမန္တလေး၊ မြစ်ကြီးနား၊ ပုသိမ်၊ မကွေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် ၎င်းတို့နှင့် သက်ဆိုင်ရာ ဒေသများရှိ သွေးလှူဘဏ် ဝန်ထမ်းများအား ပို့ချခဲ့ပြီး ဖြစ်ပါသည်။

သန့်စင်ပြီး သွေးလှူရှင်များအား စနစ်တကျ မှတ်ပုံတင်ထားရှိပြီး ပြန်လည်ခေါ်ယူနိုင်ရန်လည်း ၎င်းခြောက်မြို့ရှိ သွေးလှူဘဏ်များတွင် Computerized Systems များကို Major Infection Disease Control Programme (JICA) အကူအညီဖြင့်ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

သွေးလှူဘဏ်များရှိ သွေးလှူရှင်စိစစ်မှုတွင်သွေးလှူရှင်အတွက်အန္တရာယ်မဖြစ်စေရန် စစ်ဆေးမှုများနှင့် စောင့်ရှောက်မှုများကို မိမိတို့ဒေသတွင်းရှိ အခြေအနေအရ အစွမ်းကုန်လုပ်ဆောင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

ထို့ကြောင့်ကျန်းမာပြီးအန္တရာယ်ကင်းသောလူနေမှုစရိုက်တွင် နေထိုင်ကြသောသူများမှ လူနာများအတွက် သွေးလှူရှင်အဖြစ်စွမ်းဆောင်နိုင်အောင် ကြိုးစားခြင်းဖြင့် လည်းကောင်း၊ လှူဒါန်းနေကြသော သွေးလှူရှင်များအနေဖြင့် မိမိတို့၏ ကျန်းမာရေးကို စောင့်ရှောက် စစ်ဆေးပြီး အချိန်မှန်ပြန်လည် လှူဒါန်းခြင်းဖြင့် လည်းကောင်း၊ သွေးလှူဘဏ် ဝန်ထမ်းများမှလည်းသွေးလှူရှင်များအန္တရာယ်ကင်းအောင်၊သွေးလှူရှင်များစိတ်ချမ်းသာအောင် ဝန်ဆောင်မှုပေးခြင်းဖြင့်လည်းကောင်း မိမိတို့ပတ်ဝန်းကျင်ရှိ လူနာများအား ပုဂ္ဂိုလ်အရ မရည်ရွယ်ဘဲ လိုအပ်သူအားလုံးအတွက် သွေးလုံလောက်စွာ အချိန်မီ ရရှိနိုင်အောင် ဝိုင်းဝန်းကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော် ဆန္ဒပြုလိုက်ပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်

လူသားတို့ကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး

Many Happy Returns

ကျန်းမာရေးဝန်ကြီးဌာန။

ကံ့ကော်တစ်ထောင် သာသနာ့ဗိမာန်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်

ရန်ကုန် ဇွန် ၁၃

ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင် သာသနာ့ဗိမာန်တော်ကြီးသည် လေမုန်တိုင်းဒဏ်သင့်၍ ပြိုကျပျက်စီးသွားပါသဖြင့်ကံ့ကော်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကေလာသ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဆောင်ဦးရွက်ပြု ပြန်လည်ပြုပြင် တည်ဆောက်သွားမည်ဖြစ်သည်။ သဒ္ဓါကြည်လင် ပါရမီရှင်များသည် ဖုန်း-၀၉-၈၅၉၁၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဇွန် ၁၁ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ MO ASIA Co.,Ltd. မှ (DUMEX) အာဟာရနို့မှုန့်များ ငွေကျပ်သုံးသိန်းဖိုး ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင် လက်ခံယူစဉ်။ (၁၂၅)

အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမာမြို့ အေရာကျေးရွာအုပ်စု ဝါးတောကုန်းကျေးရွာရှိ သာသနာလင်္ကာရ ရွှေကျောင်း ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံမူလတန်းကျောင်းခွဲတို့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ရရှိခဲ့သည်။ ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံမူလတန်းကျောင်းခွဲတို့အား ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ် (ပဓာနနာယက)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရဆရာတော်ကြီးနှင့် တောင်ကုတ်မြို့နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော်များမှ သင်္ကန်း၊ ဆေးဝါးပစ္စည်းမျိုးစုံနှင့် ရန်ကုန်မြို့ (၃၈)လမ်းနေ ဒေါက်တာ မောင်မောင်ဦး-ဒေါ်အေးအေးမြင့် (Asia Express Co., Ltd.) မိသားစုတို့က စာရေးကိရိယာမျိုးစုံ တစ်သိန်းခွဲကျော် လှူဒါန်းကြသည်။ ရပ်ဝေးရပ်နီးမှ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့အနေဖြင့် ငွေကြေးပစ္စည်းလှူဒါန်းမှုပြုလိုပါက ဘဒ္ဒန္တရဋ္ဌသာရ (ပဓာနနာယက) မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၃၉၂၅၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော အစားအစာများ၊ အိမ်သုံးဆေးဝါးများ၊ ပလတ်စတစ်စများ၊ ခြင်ထောင်များ၊ စောင်များ၊ ကွန်ပျူတာပစ္စည်းများ၊ ပလတ်စတစ်ဖျာကြမ်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ခေါင်းအုံးများ၊ အိပ်ရာများ၊ ခြင်ဆေးများ၊ လွှများ၊ သံများ၊ အစားအစာများ၊ ၎က်ဖျားဆေးများ၊ ကိုယ်ပူကျဆေးများ၊ ဝမ်းရောဂါကာကွယ်ဆေးများစုစုပေါင်း ၆၂ဒသမ၃၅၆တန်သည် IL-76 လေယာဉ် သုံးစင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ယနေ့နံနက် ၈နာရီမိနစ်၅၀၊ နံနက်၁၁နာရီ၁၅မိနစ်၊ မွန်းလွဲ၁၂နာရီ မိနစ်၄၀နှင့် မွန်းလွဲ ၂နာရီ ၅၅မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာတဲများ၊ ရေသန့်ဘူးများ၊ အသင့်စားခေါက်ဆွဲထုပ်များ၊ ပဲနို့များ၊ ကွတ်ကီးများ၊ နွားနို့များ၊ မုန့်များ စုစုပေါင်း ၁၈ဒသမ ၈၉တန်သည် C-130 လေယာဉ် သုံးစင်းဖြင့် နံနက် ၉နာရီ၊ နံနက်၉နာရီ ၃၂မိနစ်နှင့် မွန်းလွဲ ၂နာရီ ၁၀မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများမှပေးပို့သော ဆန်များ၊ ဆေးဝါးများ၊ လျှပ်စစ်မီးကြိုးများ၊ မိုးကာဖျင်များ၊ နိုင်လွန်ကြိုးများ စုစုပေါင်း ၂၃ဒသမ ၆၆တန်သည် C-130 လေယာဉ်နှစ်စင်းတို့ဖြင့် နံနက်၁၁နာရီ ၁၅မိနစ်၊ မွန်းလွဲ၁နာရီ ၁၅မိနစ်တို့တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

၂၀၀၈ ခုနှစ် မေလအတွင်း အမေရိကန်သံရုံးနှင့်ဗြိတိန်သံရုံးတို့က NLD ဌာနချုပ်သို့ (၁၇)ကြိမ်ဝင်ထွက်ခဲ့

ရန်ကုန် ဇွန် ၁၃

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာ ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် မေလအတွင်း (၁၇)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၈ရက်

(စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ဝိပဿနာ"တရားတော် (ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ)
၈း၀၅-၂း၀၅	မြန်ပြည်တစ်ခွင် ထိန်လင်းစေဖို့ မြန်မာအင်ဂျင်နီယာအစွမ်းနှင့် ရွှေလီ-မန်စီ-ရွှေစာရံ မဟာဓာတ်အားလိုင်းကြီး တည်ဆောက်ကြပါစို့
၈း၃၀-၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅-၂း၅၅	ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား [အကွာအဝေးရရန် အဓိကသော့ချက်(၇)ချက်]
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ဒေါက်တာသီတာအောင်)
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှဦးဆောင်ပြီး ပုဂ္ဂလိကမီဒီယာများ၏ လေဘေးစုပေါင်းအလှူဒါန
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ- အာဟာရစုံဖြည့်စွက်ပါ
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	Shopping Guide (Amayar Daewei)
၁၁း၂၅-၅း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	"အင်း"ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၁၅-၆း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀-၆း၂၀	ကြိုဆိုလျက်ပါ (ရုပ်ရှင်သရုပ်ဆောင်များ)
၁၂း၃၀-၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

14-6 (10).pmd 1 6/14/2008, 2:50 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အီဗရာနှင့်မန်ယူ လေးနှစ်ထပ်မံစာချုပ်

လန်ဒန် ဇွန် ၁၃

မန်ယူနောက်တန်း ကစားသမား ပက်ထရစ်အီဗရာ(**ယာပုံ**)အား မန်ယူက ၂၀၁၂ခုနှစ်တိုင်အောင် အိုးထရက်ဖို့ဒ်၌ ကစားပေးရန် လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။

စွမ်းဆောင်ကစား

မိုနာကိုအသင်းမှ ၂၀၀၆ခုနှစ်တွင် ပြောင်းရွှေ့လာသော ပြင်သစ်ကစားသမား အီဗရာသည် ပြီးခဲ့သည့်ဘောလုံးရာသီ၌ မန်ချက်စတာယူနိုက်တက်အသင်း အောင်မြင်မှုရရှိစေရန် အဓိကနေရာမှစွမ်းဆောင်ကစားပေးခဲ့သည်။

ထပ်မံချုပ်ဆို

မန်ယူက အီဗရာမတိုင်မီအခြားကစားသမားများဖြစ်သည့် ဖာဒီနန်၊ ဘရောင်း၊ဗီဒစ်နှင့်ကာရစ်တို့ကိုလည်း စာချုပ်သစ်များထပ်မံချုပ်ဆိုခဲ့သည်။

ပက်ထရစ်အီဗရာသည် လွန်ခဲ့သော နှစ်ရာသီက မန်ယူကလပ်အောင်မြင်ရေးအတွက် ခြေစွမ်းပြကစားခဲ့သူဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

အီဗရာသည် ယူရို၂၀၀၈ပြင်သစ်အသင်းတွင်လည်း ပါဝင်လာသည်။ သို့သော်လည်း ရိုမေးနီးယားနှင့် ကစားခဲ့သည့်ပွဲတွင် ခြေပေါ်အောင် မကစားနိုင်ခဲ့ပေ။

နေရာမရ

အသက် ၂၇နှစ်ရှိ အီဗရာသည် ပြင်သစ်တောင်ပိုင်း မိုနာကိုအသင်းမှ စရောက်သည့် နှစ်တွင် ဂါဘရီရယ်ဟိန့်ဇ်အား ပထမပွဲထွက်ကစားသမားအဖြစ်ရွေးချယ်ထားခြင်းကြောင့် နေရာမရ ဖြစ်ခဲ့ရသည်။

သို့သော် ယခုနှစ်ရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းအား ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားဆွတ်ခူးပေးနိုင်ရန် အဓိကပါဝင်ကစားပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အိမ်ရှင်ဩစတြီးယားနှင့် ပိုလန်တို့ တစ်ဂိုးစီသရေကျ အုပ်စုမှတက်ရေး မျှော်လင့်ချက်မှေးမှိန်ခဲ့ရ

ဗီယင်နာ ဇွန် ၁၃

ယူရို ၂၀၀၈ဘောလုံးပွဲစဉ်များကို ဇွန် ၁၂ရက်က ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ခ)ဒုတိယပွဲစဉ် ဖြစ်သည့် ဩစတြီးယားနှင့်ပိုလန်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီသရေကျကာ တစ်မှတ်စီခွဲယူကြ၍ နှစ်သင်းစလုံးအုပ်စုမှထွက်ရရေးမှာ သေချာသလောက် ရှိနေပြီဖြစ်သည်။

ဩစတြီးယားအသင်းတွင် မာချို၊ ဂါရစ်၊ ပရော့ဒ်စထရန့်ဇ်၊ ပိုဂါတက်ဇ်၊ လစ်ဂက်ဘ်၊ အော်ဟော်ဆာ၊ အိုင်ဗန်ချစ်ဇ်၊ ကော့ခ်မက်ဇ်၊ ဟာနစ်၊ လင့်ဇ်တို့ ပွဲထွက်ကစားခဲ့သည်။

ပိုလန်အသင်းတွင် ဘိုရပ်၊ ဝါဆီလီဝါစကီ၊ ဂျော့ပ်၊ ဘက်ခ်၊ ဇူလာကိုး၊ ဒတ်ကာ၊ လီဝန်ဒိုစကီ၊ ကရာဇိုင်နိုဝက်ခ်၊ ရိုဂျာ၊ ဆာဂါနိုဂါစကီ၊ စမိုလာရက်စ်တို့ ပါဝင်ကစားခဲ့ကြသည်။

ထိုးဖောက်

ဩစတြီးယားအသင်းမှ လစ်ဂက်ဘ် ပိုလန်အသင်း ဘက်သို့ ထိုးဖောက်ကစားစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဦးဆောင်

ရမှတ် မရှိသေးသည့် အသင်းများဖြစ်သဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ ပထမပိုင်း မိနစ် ၃၀တွင် ရိုဂျာက ပိုလန်အတွက် အဖွင့်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်း ပြီးသည်အထိ ပိုလန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

မှေးမှိန်

ဒုတိယပိုင်း စလျှင်စချင်း အိမ်ရှင်ဩစတြီးယားတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ကြသည်။ တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းပြီး အနိုင်ရရှိရေး အကြိတ်အနယ် ကစားခဲ့ကြရာ ပွဲပြီးခါနီးအထိ နှစ်သင်းစလုံး ဂိုးထပ်သွင်းနိုင်ခြင်း မရှိပေ။ မိနစ်၉၀တွင် ဩစတြီးယားအသင်းရသော ပယ်နယ်တီကို ဗက်စတစ်က ပိုလန်ဘက်သို့ သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဂိုးစီသရေကျပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရကာ နှစ်သင်းစလုံး အုပ်စုမှတက်ရေး မျှော်မှန်းချက်မှာ မှေးမှိန်သွားခဲ့ရသည်။ **(အင်တာနက်)**

ပေါ်တူဂီအသင်း ဖလားရနိုင်သည့်ခြေစွမ်းရှိ စီရိုနယ်ဒို သုံးသပ်ပြောကြား

ဂျီနီဗာ ဇွန် ၁၃

ပေါ်တူဂီအသင်းသည် ချက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည့် ခြေစွမ်းအတိုင်းကစားနိုင်ခဲ့ပါက ယူရို၂၀၀၈ဖလားဆွတ်ခူးရန် အခွင့်အလမ်းများစွာရှိနေသည်ဟုယုံကြည်မိကြောင်း စီရိုနယ်ဒို(**ဝဲပုံ**)က ပြောကြားသည်။

အသင်းခေါင်းဆောင် စီရိုနယ်ဒိုသည် ယင်းပြိုင်ပွဲတွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပွဲစဉ်အလိုက် အကောင်းဆုံးဆုရခဲ့သည်။ ၎င်း၏ ကစားဖော်များအားလည်း ဂိုးသွင်းခွင့်များရရှိအောင် ဖန်တီးပေးနိုင်ခဲ့သည်။

ဖန်တီးပေး

မိမိတို့၏အဓိကရည်မှန်းချက်မှာ နောက်တစ်ဆင့်တက်ရေးပင်ဖြစ်ကြောင်း၊ အနိုင်ဂိုးများသွင်းယူနိုင်ရန် ကစားဖော်များအား ဂိုးသွင်းခွင့်များ ဖန်တီးပေးနိုင်၍ ကျေနပ်မိကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

ပြောကြား

မိမိတို့အသင်းသည် ကနဦး နှစ်ပွဲ၌ ကောင်းမွန်စွာ ကစားနိုင်ခဲ့ကြောင်း၊ ယင်းခြေစွမ်းအတိုင်း ကစားသွားပါက အောင်မြင်မှုရမည်မှာ သေချာကြောင်း စီရိုနယ်ဒိုက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင် စုစည်းသည်

ဆွီဒင်တိုက်စစ်မှူးများအား သတိထားရမည် စပိန်နောက်ခံလူ ပီလာပြောကြား

နယူးတစ်ဖ် (ဩစတြီးယား) ဇွန် ၁၃

စပိန်အသင်းသည် ယူရိုပြိုင်ပွဲအုပ်စု(ဃ)၌ ဇွန်၁၄ရက်(ယနေ့)တွင် ဆွီဒင်အသင်းနှင့်ကစားရမည့်ပွဲ၌ ဆွီဒင်တိုက်စစ်မှူးများဖြစ်သော အီဘရာဟင်မိုဗစ်ချ်နှင့် ဟင်းနရစ်လာဆင်တို့၏ တိုက်စစ်ကို ကြံ့ကြံ့ခံပြီး သတိထားကစားရမည်ဖြစ်ကြောင်း စပိန်ဘယ်နောက်ခံလူ ဂျိုအန်ကက်ပ်ဒီဗီလာက ပြောကြားသည်။

အန္တရာယ်ရှိ

အီဘရာဟင်မိုဗစ်ချ်အား တားဆီးရန်မှာ အလွန်ခက်ခဲကြောင်း၊ ဂိုးဧရိယာအတွင်းသို့ မရောက်လာအောင် ထိန်းသိမ်းထားခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ဂိုးဧရိယာအတွင်းသို့ ရောက်ရှိပါက အလွန်အန္တရာယ်ရှိသူဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

ရုရှားတိုက်စစ်မှူး ပက်ဗလူချင်ကို ဂရိနှင့်ပွဲတွင် လွဲချော်ဖွယ်

ဘေဆယ် ဇွန် ၁၃

ရုရှားအသင်းသည် ယူရို ၂၀၀၈ ပြိုင်ပွဲ အုပ်စု(ဃ)တွင် စပိန်အသင်းအား ရှုံးနိမ့်ပြီးနောက် အုပ်စုအဆင့်မှ တက်ရေးအတွက် မရေမရာဖြစ်နေခဲ့သည်။ ထိုအချိန်တွင် အသင်း၏တိုက်စစ်မှူး ပက်ဗလူချင်ကိုမှာ ခြေထောက်ဒဏ်ရာရရှိထားခြင်းကလည်း အသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်သည်။

အသက် ၂၆နှစ်အရွယ်ရှိ စပါးတပ်မော်စကို တိုက်စစ်မှူး ပက်ဗလူချင်ကိုသည် လေ့ကျင့်ကွင်းဆင်းစဉ် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် ဇွန် ၁၄ရက်(**ယနေ့**)တွင် ဂရိနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်၌ လွဲချော်ဖွယ်ရှိသည်။ **(အင်တာနက်)**

အောင်မြင်မှုရသည်အထိ ဆက်လက်ယှဉ်ပြိုင်မည် ခရိုအေးရှားနည်းပြ ပြောကြား

ကလာဂင်ဖတ် ဇွန် ၁၃

ခရိုအေးရှားအသင်းသည် ယူရို ၂၀၀၈ အုပ်စု(ခ)ပွဲစဉ်အဖြစ် ဂျာမနီအသင်းနှင့် ဇွန် ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ခရိုအေးရှားအသင်းသည် ယခုကဲ့သို့ ဂျာမနီအသင်းအား အနိုင်ရရှိခဲ့ခြင်းသည် ဒုတိယအကြိမ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ခရိုအေးရှား အသင်းမှ ဒါရီဂျို အက်စ်နာနှင့် အိုင်ဗီကာတို့၏သွင်းဂိုးများဖြင့် ဂျာမနီကို အနိုင်ရရှိခဲ့သည့်အတွက် မိမိအနေဖြင့် အားရကျေနပ်မိကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် အောင်မြင်မှုအတွက် ဆက်လက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း ခရိုအေးရှားနည်းပြဆလာဗင်ဘီလစ်က ပြောကြားသည်။ **(အင်တာနက်)**

ဘော်လ်တန်အသင်းမှ အင်န်ဒရာနစ်အား ဖူလ်ဟမ်အသင်းက ခေါ်ယူစာချုပ်

လန်ဒန် ဇွန် ၁၃

ဘော်လ်တန်အသင်းတွင် ခြေစွမ်းပြကစားနေသော အီရန် ကစားသမား အင်န်ဒရာနစ်အား ဖူလ်ဟမ်အသင်းက ခေါ်ယူ စာချုပ်လိုက်ပြီ ဖြစ်သည်။

ကွင်းလယ်ကစားသမား အင်န်ဒရာနစ်သည် နည်းပြဟော့ဆင်၏ လက်ထက်တွင် စတုတ္ထမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာသည်။

ပါဝင်ကစား

အသက် ၂၅နှစ်ရှိ အင်န်ဒရာနစ်သည် ဘော်လ်တန်အသင်းမှ အလွတ်ပြောင်းရွှေ့ခဲ့သည်။ အင်န်ဒရာနစ်သည် အီရန်ကလပ် အိုဂတ်အက်ဖ်စီတွင် ၎င်း၏ ကြေးစား ဘောလုံးသမားဘဝကို စတင်ခဲ့သည်။ ထို့အပြင် နိုင်ငံ့လက်ရွေးစင် ပြိုင်ပွဲများ၌လည်း ပွဲတိုင်းတွင်ပါဝင်ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ယူအက်စ် အိုးပင်းဖလား မျှော်မှန်း

ဆန်ဒီဂို ဇွန် ၁၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့ ဂေါက်ကလပ်၌ ဇွန် ၁၂ရက်က ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို စတင်ဖွင့်လှစ်ခဲ့သည်။

ပါဝင်ကစား

အဆိုပါ ပြိုင်ပွဲတွင် လွန်ခဲ့သော နှစ်လက ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ခြင်းမရှိသော ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးရိုက်ကစားသမားတိုက်ဂါးဝုဒ် ပါဝင်ကစားခဲ့သည်။

တိုက်ဂါးဝုဒ်သည် (**အပေါ်ယာပုံ**) ဒူးခေါင်း ခွဲစိတ်ပြီးနောက် ဂေါက်သီးကစားခြင်း ပြန်လည်စတင်ခဲ့သည်။ ၎င်းသည် ယင်းပြိုင်ပွဲကြီးတွင် ၁၄လုံးမြောက် ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးရန် မျှော်လင့်ထားသည်။ ထို့အပြင် ယူအက်စ်အိုးပင်းဖလားကို ငါးနှစ်ဆက်တိုက် ဗိုလ်စွဲရန် မျှော်မှန်းထားသူလည်း ဖြစ်သည်။ **(အင်တာနက်)**

- အိမ်ရှင်ဩစတြီးယားနှင့် ပိုလန်တို့ အုပ်စုမှတက်ရေး မှေးမှိန်သွားခဲ့ပြီ
- ပက်ထရစ်အီဗရာသည် လွန်ခဲ့သော နှစ်ရာသီက မန်ယူအောင်မြင်ရေးအဓိကခြေစွမ်းပြခဲ့
- ပေါ်တူဂီနှင့် ချက်အသင်းပွဲတွင် စီရိုနယ်ဒို ခြေစွမ်းပြကစားနိုင်ခဲ့
- ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ယူအက်စ်အိုးပင်းဖလား ငါးလုံးမြောက် ဆွတ်ခူးရန်မျှော်လင့်

လေဘေးရန်ပုံငွေ ပန်းချီပြပွဲ ခင်းကျင်းပြသ

သတင်းမှတ်စု - ဇော်ဝင်း၊ ဓာတ်ပုံမှတ်တမ်း - ဝင်းနိုင်၊ စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကျရောက်မှုအပိုင်းတွင် အဖျက်စွမ်းအား အကြီးမားဆုံး ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်မှာ မုန်တိုင်းတိုက်ခတ်ပြီးသည့် မေလဆန်းပိုင်းမှ ယနေ့အထိ ဖြစ်သည်။

လေဘေးသင့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပုဂ္ဂလိကအလှူရှင်များက ပစ္စည်းများ၊ ငွေအားများဖြင့် အစဉ်မပြတ် ပေးအပ်လှူဒါန်းလျက်ရှိကြသည်။ ထိုလှူဒါန်းမှုများထဲမှ ပန်းချီပညာရှင်များ၊ စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မိတ်ဆွေများ ပူးပေါင်း ပါဝင်ကြသည့် လေဘေးရန်ပုံငွေ ပန်းချီပြပွဲကို သရဖူမဂ္ဂဇင်း၊ ဗြူတီမဂ္ဂဇင်းနှင့် စာပေလောက(၁) တို့က ပူးပေါင်း ကမကထပြုကာ ရန်ကုန်မြို့ အလံပြဘုရားလမ်း သမ္မတဟိုတယ် ပထမထပ်ရှိ ဂျေ-အက်စ်ဖာရီဗယ်ခန်းမ၌ ဇွန်၁၄ ရက်**(ယနေ့)**နှင့် ၁၅ ရက်များတွင် ခင်းကျင်းပြသရန် စီစဉ်ထားသည်။

စာရေးသူက လေဘေးရန်ပုံငွေ ပန်းချီပြပွဲအတွက် စီစဉ်ဆောင်ရွက်နေသူ ဗြူတီမဂ္ဂဇင်းမှ ကိုထွန်းဝင်းငြိမ်းနှင့် တွေ့ဆုံရာတွင် **"မိမိတို့အနေဖြင့် လေမုန်တိုင်းတိုက်ခတ်ပြီးစမှ စ၍ စာပေနယ်မှ ခင်မင်ရင်းနှီးသူများ စုစည်းပြီး** ဧရာဝတီတိုင်းရှိ လေဘေးဒဏ်ခံ မြို့ရွာများသို့ သွားရောက် စုပေါင်းလှူဒါန်းခဲ့ကြောင်း၊ သရဖူမဂ္ဂဇင်းမှ ဦးရဲမြင့်၊ စာပေလောက စာအုပ်တိုက်မှ ဦးမျိုးညွန့်နှင့် မိမိတို့ သွားရောက်လှူဒါန်းခဲ့သည့် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပျက်စီးဆုံးရှုံးမှုများကို မြင်တွေ့ခဲ့ရပြီး အခြား မိမိတို့ မရောက်သေးသည့် ဘိုကလေး၊ လပွတ္တာ၊ ဟိုင်းကြီး ဒေသများ၏ ပျက်စီးဆုံးရှုံးမှု မည်မျှကြီးမားမည်ကို မှန်းဆကြည့်မိကြကြောင်း၊ "ယခုကဲ့သို့ ကြီးမားသည့် သဘာဝဘေးကြီး ဖြစ်ပေါ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုများအတွက် ကူညီကယ်ဆယ် ပြန်လည်ထူထောင်မှုများကို နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြမှုများသည် သမိုင်းမှတ်တမ်းတင်ခဲ့ပြီး မိမိတို့ စာပေထုတ်ဝေရေး၊ မဂ္ဂဇင်းထုတ်ဝေရေးလောကမှာ ခေါင်းနှင့်ပန်းသဖွယ် ဆက်စပ်နေသော စာနယ်ဇင်း သရုပ်ဖော် ပန်းချီပညာရှင်များနှင့် အခြားသော ပန်းချီပညာရှင် အသီးသီးတို့ကလဲ ခံစားမှုအမျိုးမျိုးနှင့် ရေးဆွဲတင်ပြ ခြင်းဖြင့် နာဂစ် ပုံရိပ်များအား ထင်ဟပ်မှတ်တမ်းတင်နိုင်ကြောင်းကို တွေးမိကြပြီး မိမိ၊ ဦးရဲမြင့်နှင့် ဦးမျိုးညွန့်တို့ တိုင်ပင်ဆွေးနွေးကာ လေဘေးရန်ပုံငွေ ပန်းချီပြပွဲကျင်းပရန် စိတ်ကူး အကောင်အထည်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်း။

ပန်းချီ ကျော်လင်း၏ ပြပွဲတင်လက်ရာ 'မုန်တိုင်းအလွန်(၁)' ရေဆေးပန်းချီကားက ကြည့်မိသူကို အတွေးစများ ဆပွားစေမည်။



အေးငြိမ်းမြင့်ရဲ့ Still Life (သက်ငြိမ်)Pastel ကားက စိတ်ဝင်စား စရာ။

ပူးပေါင်းမှု

"မိမိတို့နှင့် ဆရာ ဝင်းဖေမြင့်၊ ဆရာ ဖေညွန့်ဝေတို့ပူးပေါင်းလုပ်ဆောင်မှုကြောင့် ဤပြပွဲကို ပန်းချီပညာရှင် ၁၀၀ကျော်၏ ပန်းချီကား ၂၀၀ ကျော်(ပန်းချီ အရောင်းပြခန်းများမှ ကူညီပါဝင်ခင်းကျင်းမှု အပါအဝင်) (ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်) ခင်းကျင်း ပြသမည်ဖြစ်ပြီး ပန်းချီကားများ၏ ၅၀ရာခိုင်နှုန်းသည် နာဂစ်မုန်တိုင်းနှင့် ဆက်စပ် ပတ်သက်သော ကားများ ဖြစ်ကြောင်း၊ ပြပွဲတွင် ရောင်းချရသော ပန်းချီကားများမှ သက်ဆိုင်သူ ပညာရှင်၏ သဒ္ဓါတရားအရ လေဘေးဒုက္ခကျရောက်ခံစားရသူများကို လှူဒါန်းသွားမည် ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ နာဂစ်လေဘေးရန်ပုံငွေ ပန်းချီပြပွဲမှာ ဦးဆောင်ပါဝင်သူ ပန်းချီ ဖေညွန့်ဝေနှင့် တွေ့ဆုံရာတွင် **"မိမိအနေဖြင့် ပန်းချီကားတစ်ကားတင်သွင်းပြသမည် ဖြစ်ကြောင်း၊ မိမိနေထိုင်ရာ ရန်ကုန်မြို့ ၃၈ လမ်း၌ နေအိမ်ပေါ်မှ မြင်ခဲ့ရသည့် မုန်တိုင်းတိုက်ခတ်စဉ်မြင်ကွင်းကို ရေးဆွဲထားခြင်း ဖြစ်ကြောင်း၊ အချိန်ကာလတစ်ခုအတွင်း၌ သဘာဝဘေးဒုက္ခကို ခံစားခဲ့ရသည့် လူချင်းတူကြသော်လဲ ဆုံးရှုံးထိခိုက်မှု ပမာဏမှာ ကွာခြားကြောင်း၊ ပမာဏနည်းနည်း ထိခိုက်သူ ဟာ များများ ထိခိုက်သူများအတွက် မျှဝေထောက်ပံ့ရခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း"** ပြောကြားသည်။

ဤကဲ့သို့ အချိန်တိုအတွင်း လေဘေးရန်ပုံငွေ ပန်းချီပြပွဲတစ်ခု ကျင်းပနိုင်ခြင်းသည် သာမန် စွမ်းဆောင်မှု မဟုတ်ပါကြောင်း၊ လူသားချင်း စာနာစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်သော အစုအဖွဲ့စိတ်ဓာတ်ကို ထုတ်ဖော် ပြသနိုင်သည်ဖြစ်၍ ဂုဏ်ယူပါကြောင်း" ဖွင့်ဟပြောကြားသည်။

စာရေးသူသည် YA Group မှ ပန်းချီဆရာမ အေးငြိမ်းမြင့်နှင့် ပန်းချီ ကျော်လင်းတို့အား တွေ့ဆုံခဲ့ရာ အေးငြိမ်းမြင့်က **"Still life(သက်ငြိမ်)ပုံ အရေးများသူဖြစ်၍ ယခုပြပွဲတွင်လဲ Pastal နှစ်ကား တင်သွင်း ပြသမည်ဖြစ်ကြောင်း၊ မိမိ ခံစားရသည့် ဆင့်ပွားမုန်တိုင်း ပုံရိပ်များဖြစ်၍ ပြပွဲခေါင်းစဉ်နှင့် လိုက်ဖက်မည်ဟု ထင်ပါကြောင်း"** ပြောကြားသည်။

ပန်းချီကျော်လင်းကလည်း **"မုန်တိုင်းတိုက်ခတ်ပြီး တစ်ရက်အကြာတွင် မိမိဇာတိ လပွတ္တာသို့ ပြန်ခဲ့ကြောင်း၊ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့သည့်**

ပန်းချီ ဖေညွန့်ဝေ၏ လက်ရာ မုန်တိုင်းတိုက်ခတ်ချိန်တွင် နေအိမ်အဆောက်အအုံပေါ်မှ မြင်ကွင်း။

ပန်းချီ မင်းမြင့်ခိုင်ကလည်း **"၄င်းအနေဖြင့် နာဂစ်ပုံရိပ်ပန်းချီကား ရေးဆွဲနိုင်ခြင်း မရှိသော်လည်း ပန်းချီကား တစ်ကားတင်သွင်း ပြသမည်ဖြစ်ကြောင်း၊** **လပွတ္တာမြို့ မြင်ကွင်းကို မေ့မရနိုင်ကြောင်း၊ ယခုပြပွဲတွင်(မုန်တိုင်းအလွန် ၁၊၂)အမည်ဖြင့် နှစ်ကားတင်သွင်းပြသမည်ဖြစ်ကြောင်း၊ အနုပညာဒါန ပြုခွင့်ရသည့်အတွက် ကြည်နူးမိကြောင်း၊ မိမိ၏ ကားများမှာ မုန်တိုင်းကြောင့် ကိုင်းဖျား၊ ကိုင်းနား ကျိုးပဲ့ပျက်စီးသော်လည်း ထူထူမတ်မတ်ရှိနေသေးသည့် သက်ရင့်ပင်ကြီးတစ်ပင်၏မြင်ကွင်းကို အလှတရားတစ်ခုပေါင်းထည့် ရှုမြင်ရေးဆွဲထားကြောင်း၊ ကျိုးပဲ့ပျက်စီးသွားပေမယ့် အလှတရားတစ်ခုရှိသည်ဟု ဖော်ပြလို၍ဖြစ်ကြောင်း"** ပြောကြားသည်။

ပန်းချီ မင်းမြင့်ခိုင်၏ လှေများအမည်ရှိ ပန်းချီကားက လှုပ်ရှားမှုထဲမှ အငြိမ်သဘော ငွေ့ငွေ့ဆောင်နေသည်။

ရန်ပုံငွေပန်းချီပြပွဲကို ဇွန် ၁၄ရက်**(ယနေ့)**နှင့် ၁၅ရက်တို့တွင် ဖြူစင်သော ရည်ရွယ်ချက်၊ မြင့်မားသော သဒ္ဓါတရားတို့ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ၊ ရှုထောင့်စုံသော ပန်းချီမြင်ကွင်းစုံဖြစ်သည်မို့ စုစည်းသော၊ တက်ကြွသော အနုပညာလောကသားတို့၏ စေတနာပြပွဲတစ်ခုအဖြစ် သတင်းမှတ်စုတင်ဆက် ဖော်ပြလိုက်ရပါသည်။ ။

မွန်ပြည်နယ်အတွင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ထပ်ဆင့်ဂုဏ်ပြုပူဇော်၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်အတွင်းမှ ဆရာတော်ကြီး၁၂ပါးတို့အား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ၂၄ရက်က မော်လမြိုင်မြို့ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ ကော့လာကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသထံမှ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ကြွရောက်တော်မူလာကြသော ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၂ပါးတို့အား ဆွမ်းဆန်စိမ်းများကို လောင်းလှူကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်(နေရာဟောင်း) စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီး ခင်မောင်ဌေးက အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀နှင့်မူလတန်းအဆင့်တစ်ဦးလျှင်ငွေကျပ်၄၀၀၀ဖြင့် ကျောင်းသားကျောင်းသူ ၈၁၇ဦးတို့အတွက် ငွေကျပ် ၅၇၄၁၀၀၀ကို သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

မော်လမြိုင်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း ဦးဆောင်းအပ်နှင်းပွဲနှင့် သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း၏ ဦးဆောင်းအပ်နှင်းပွဲနှင့် သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇွန် ၄ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး မော်လမြိုင်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြည်ိုက ဦးဆောင်းအပ်နှင်းပွဲနှင့် သစ်လွင်ကြိုဆိုပွဲ ကျင်းပရခြင်းကို ရှင်းလင်းတင်ပြ၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထူးချွန်ဆု

ယင်းနောက် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများက အမှတ်စဉ်(၃၃) သူနာပြုဒီပလိုမာသင်တန်းဆင်းများအား ဦးဆောင်းအပ်နှင်းပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (အပေါ်ပုံ)

ထို့နောက် အမှတ်စဉ်(၃၃)သူနာပြုဒီပလိုမာသင်တန်းဆင်းများက ကတိသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ဦးဆောင်းအပ်နှင်း

ယင်းသင်တန်းသို့ အမှတ်စဉ်(၅၃)သားဖွားသင်တန်းသူ ၂၇ဦးတို့ တက်ရောက်ကြပြီး အမှတ်စဉ်(၃၃)သူနာပြုဒီပလိုမာသင်တန်းသူ ၄၈ဦးတို့အား ဦးဆောင်းအပ်နှင်းပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၃

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ စေတနာရှင်ပြည်သူများက ငွေကျပ် ၆၂၅၀၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၄၃၅၃၀နှင့် ငွေကျပ် ၅၂၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ ရန်ကုန်တိုင်းရှိ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၃၅၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၄ သိန်းအပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၇၆၂၆၀၃၀ ဖြစ်ရာ ဇွန် ၁၃ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၂၂၈၂၉၅၂၆၃၆ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကူညီဆောင်ရွက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာလုပ်အားရှင်များက လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန်အတွက် ရပ်ရွာလူထုအား လုပ်အားပေး ပါဝင်ကူညီဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

လေဘေးသင့်မော်လမြိုင်ကျွန်းမြို့နှင့် ကျေးရွာများအား အလှူရှင်များက ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၁၃

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ခံရသောမြို့ပေါ်နှင့် ကျေးရွာများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ရန်ကုန်မြို့ မှ အလှူရှင်များက ဇွန် ၁၃ရက်တွင် ဆန်၊ တာပေါ်လင်၊ အဝတ်အထည်၊ ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများကို လာရောက် လှူဒါန်းကြသည်။

လှူဒါန်း

ထိုသို့ လှူဒါန်းရာတွင် မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ချမ်းမြေ့ဘိုးဘွားရိပ်သာ၊ ပစ္ဆိမာရုံကျောင်းတိုက်နှင့် လေအိပ်တန်းကျေးရွာရှိလေဘေးဒဏ်ခံရသူများအား ဆန်၊ အဝတ်အထည်၊ တာပေါ်လင်၊ ကျောင်းသုံး ဗလာစာအုပ်၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများကို ကိုယ်တိုင်လက်ရောက် ပေးကမ်းလှူဒါန်းခဲ့ကြောင်းသိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ဘိုးတီလွတ်ကျေးရွာ မျိုးစပါးရရှိမှုကြောင့် ပျိုးကြဲစိုက်ပျိုးနေ

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ခံခဲ့ရသော ဘိုးတီလွတ် ကျေးရွာတွင် ဇွန် ၁၃ရက်အထိ နိုင်ငံတော်က ပံ့ပိုးပေးသော မျိုးစပါးများဖြင့် ဧက ၂၀၀ကျော်ပျိုးကြဲစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ဘိုးတီလွတ်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဖြစ်သူ ဦးတင်ဌေးက ပြောကြားသည်။

အခမဲ့

ဘိုးတီလွတ်ကျေးရွာတွင် လယ်သမား စုစုပေါင်း ၁၄၃ဦးရှိပြီး နိုင်ငံတော်က မျိုးစပါးတင်းပေါင်း ၁၂၁၀တင်းကျော်ကို ဖြန့်ဖြူးပေးထားနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း မျိုးစပါးများ အမြန်ဆုံးအခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု စိုက်ကွင်းအမှတ်(၂၄)၌ ကျင်းပသော ကျိုင်းတုံမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ရာ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ခင်က ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ လက်တွဲပူးပေါင်း၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကောက်စိုက်သမများအား ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဖြန့်ဝေပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ရောက်ရှိပြီး တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများထံ ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး တပ်နယ်မှ အရာရှိ စစ်သည် မိသားစုဝင်များ၏ ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံတပ်နယ်အတွင်းရှိ ဖြစ်ထွန်းအောင်မြင်နေသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ယန်းလှရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ရော်ဘာစိုက်ပျိုးပြီးဧက ၁၀၀၊ ခြံစည်းရိုးကြက်ဆူပင်ဧက ၈၀၊ လိမ္မော် ၇ဧက၊ သစ်ဆိမ့်ဧက ၅၀၊ ပြောင်းဧက ၅၀စိုက်ပျိုးထားရှိမှုကိုလည်းကောင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးထွန်းလင်းက မိုးရေချိန် ၅၀ ဒသမ ၆၀ လက်မရှိ၍ မိုးနည်းပြီး အေးမြသည့် ကချင်၊ ရှမ်း၊ ချင်း၊ တောင်ကုန်းဒေသများ၌ စိုက်သင့်သော ရော်ဘာမျိုးများ၏ လက္ခဏာများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စက်မှုကုန်ကြမ်းပြည်ပပို့ကုန်ဖြစ်သည့် နှစ်ရှည်သီးနှံရော်ဘာစိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ရော်ဘာကိုင်းကူးယူမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ခေတ်ကိုပြောင်းကြစို့ စာအုပ်ထွက်ရှိ

ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသည့် **“ခေတ်ကိုပြောင်းကြစို့”** စာအုပ်ထွက်ရှိသည်။(ယာပုံ)

အဆိုပါစာအုပ်တွင် စာရေးသူက “စာပေသည်ခေတ်၏ ကြေးမုံပြင်ဖြစ်၍ ခေတ်ကာလ၏ အခြေအနေမှန်ကို ထင်ဟပ်ဖော်ပြကြောင်း၊ နိုင်ငံသားပြည်သူများ၏ ဉာဏ်ပညာ၊ ဗဟုသုတရေချိန်မြင့်ပါမှ ရန်သူအန္တရာယ်အမျိုးမျိုး၏ လှည့်စားဖြားယောင်းမှုပရိယာယ်အထွေထွေမှ လွတ်မြောက်ကျော်လွှားနိုင်မည်ဟု မြင်တွေ့ရကြောင်း၊ နိုင်ငံတော်ကြီး သာယာစည်ပင်တိုးတက်ပါမှ အဖျက်အဆီးအနှောင့်အယှက် အမျိုးမျိုးတို့၏ စိန်ခေါ်မှုကို ဖြတ်သန်းနိုင်ကြမှာဖြစ်ကြောင်း၊ ထိုအတွေးအမြင်တို့ဖြင့် ရေးသားခဲ့သည့် ဒို့ကျေးရွာဂျာနယ်ခေါင်းကြီးအချို့၊ ခရီးသွားဆောင်းပါးအချို့နှင့် သတင်းစာဆောင်းပါးအချို့ကို စုစည်း၍ ဤစာအုပ်တွင် တင်ပြထားပါကြောင်း” ဖော်ပြထားသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဓမ္မစာပေသင်တန်းနှင့် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်ကျောင်းတိုက် ရတနာမဏ္ဍူ(ထားဝယ်)ကျောင်း မဟာသဒ္ဓမ္မဇောတိကဇ္ဈုပဟာအဖွဲ့ချုပ် (ဗဟန်း)က ဖွင့်လှစ်သော လယ်တီမဟာသဒ္ဓမ္မဂုံတော်ကြီးသင်တန်းနှင့် မဟာသတိပဋ္ဌာနသုတ်တော်သင်တန်းကို ဇွန် ၂၁ရက် မှစ၍ (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီခွဲအထိ ပိဋကတ်ပညာရှင် ဆရာကြီးဦးချမ်းသာ (အဘိဝံသ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်၊ ဓမ္မစာပေဆုများရှင်)က ဓမ္မဒါနပို့ချမည်ဖြစ်ရာ ဖုန်း-၅၅၂၈၂၁၊ ၅၅၂၆၄၁၊ ၅၄၀၈၅၇တို့သို့ ကြိုတင်စာရင်းပေး တက်ရောက်နိုင်သည်။ ၁၃၆၉ ခု၊ ဒသမအကြိမ် လယ်တီမဟာသဒ္ဓမ္မဂုံတော်ကြီးစာမေးပွဲတွင် ဗဟန်းစာဖြေဌာနမှ အောင်မြင်ကြသူများအား အောင်လက်မှတ်ပေးအပ်ဂုဏ်ပြုချီးမြှင့်ပွဲကိုလည်း သင်တန်းဖွင့်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ဗ)

မိုးကုတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား၊ လူနေအိမ်သုံးလုံးပျက်စီး၊ ၁၁ ဦးသေဆုံး

နေပြည်တော် ဇွန် ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့၌ ဇွန် ၁၁ရက် သန်းခေါင်ယံအချိန်မှ ဇွန် ၁၂ရက် နံနက် ၆နာရီအထိ မိုးရေချိန်လက်မ ၈ဒသမ ၀၇အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရှိရေနီချောင်းတစ်လျှောက် ရှောလီဝိုင်းရပ်ကွက်၊ မြို့မရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်နှင့် ပိတ်စွယ်ရပ်ကွက်တို့တွင် ရေ ၂ပေမှ၃ပေအထိ မြင့်တက်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကူညီထောက်ပံ့

ယင်းကဲ့သို့ ရေလျှံမှုနှင့်မြေပြိုမှုများကြောင့် လူနေအိမ်သုံးလုံးပြိုကျပျက်စီး၍ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီး လေးဦးပေါင်း ၁၁ဦးသေဆုံးခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ် ဖြစ်လျှင်ဖြစ်ချင်းဒေသအာဏာပိုင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ရှင်းလင်းကယ်ဆယ်ရေး၊ ဆေးဝါးကုသပေးရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးညှင်း မိခင်/ကလေးအသင်း သားဖွားခန်းအဆောက်အအုံသစ်ဖွင့်

မိုးညှင်း ဇွန် ၇

စေတနာရှင် ၂၅၀စုပေါင်း၍ ငွေကျပ်၁၆၆၅၀၀၀၀ကျော် ကုန်ကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးသော ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ၂၄ရက်က အဆိုပါအသင်းခန်းမ၌ ကျင်းပရာ မိုးညှင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက သားဖွားခန်း ရည်ရွယ်ချက်၊ ကိုယ်ဝန်ဆောင်များ ဈေးနှုန်းသက်သာစွာ မွေးဖွားနိုင်ခြင်းနှင့် ချို့တဲ့နွမ်းပါးသူများအတွက် အခမဲ့ မွေးဖွားပေးနိုင်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆေးပဒေသာပင်စိုက်ထူ

ထို့နောက် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ပေးပို့လှူဒါန်းသော ငွေကျပ် တစ်သိန်းတန် မီးစက်တစ်လုံး၊ သားဖွားအသုံးပြုဆေးနှင့် ဆေးပစ္စည်းအစုံ ၁၀၀ ကို မိုးညှင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက လည်းကောင်း၊ စေတနာရှင် ၂၄ဦးတို့က ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းငွေကျပ် လေးသိန်းကျော်ကို လည်းကောင်း ပေးအပ်ကြရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သားဖွားခန်း အဆောက်အအုံသစ်ကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** (၀၀၂)

ဟားခါးမြို့နယ်စည်ပင် ရေမြောင်းများ ဖောက်လုပ်

ဟားခါး ဇွန် ၂

ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတမ်အောင်နှင့်အဖွဲ့ ဝန်ထမ်းများသည် မေ၂၄ရက် နံနက် ၇နာရီက ဈေးသစ်ရပ်ကွက်ရှိ ပြည်သူများဖြင့် စုပေါင်း၍ရေစီးရေလာကောင်းမွန်ရေးအတွက် ရာလ်ဒွန်းဈေး ရှေ့ရေမြောင်းများ စနစ်တကျပြင်ဆင်ဖောက်လုပ်ခြင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ဝတ်စုံနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

တောင်ငူ ဇွန် ၉

ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက်ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ဝတ်စုံပေးအပ်ပွဲကို မေ၃၁ရက်က တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထောက်ပံ့

အခမ်းအနားတွင် တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသိန်းက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တိုင်းအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ်၁၉၆၅၀၀နှင့် ဝတ်စုံစရိတ် ငွေကျပ် ၉၉၂၀၀ စုစုပေါင်း ငွေကျပ် ၂၉၅၇၀၀ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ မေ၁၉ရက်က မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော အမှတ်(၅)ရပ်ကွက် သုခလမ်း ကတ္တရာခင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ယင်းမာပင်၌ ချို့တဲ့နွမ်းပါးကလေးများ ကျောင်းဝတ်စုံနှင့် စာအုပ်များ ထောက်ပံ့

ယင်းမာပင် ဇွန် ၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အာဟာရချို့တဲ့ ကလေးငယ်များအား အာဟာရ ကျွေးမွေးခြင်း၊ သက်ကြီးရွယ်အို အဘွားနှစ်ဦးအား အလှူငွေပေးအပ်ခြင်း၊ ချို့တဲ့နွမ်းပါး ကလေးငယ်များအား ကျောင်းဝတ်စုံပေးအပ်ခြင်းနှင့် ဗလာစာအုပ်များ ထောက်ပံ့ခြင်း အခမ်းအနားကို မေ၂၈ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ကျင်းပသည်။

အခြေအနေ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်ကအမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက အသင်း၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မာမာက တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက်သက်ကြီးရွယ်အိုအဘွားနှစ်ဦးအား လစဉ်ထောက်ပံ့ငွေများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ရီရီပြုံးက လည်းကောင်း၊ချို့တဲ့နွမ်းပါးကလေးငယ်များအတွက် ကျောင်းဝတ်စုံများနှင့်ဗလာစာအုပ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မာမာနှင့်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်အောင်တို့က လည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မိုးစပါးတိုးချဲ့စိုက်ပျိုးရေး တာချီလိတ်၌ ညှိနှိုင်းစည်းဝေး

တာချီလိတ် ဇွန် ၉

၂၀၀၈ခုနှစ် တာချီလိတ်ခရိုင် မိုးစပါးတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၇ရက် မွန်းလွဲ၁နာရီက တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အစည်းအဝေးသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုကိုနှင့် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယခုနှစ်မိုးရာသီ မိုးစပါးစိုက်ပျိုးကာလအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဧကလေးသိန်းလျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ တာချီလိတ်ခရိုင်အတွင်း ယခင်မိုးစပါး စိုက်ပျိုးမှုဧက၄၄၄၆၄ဧက စိုက်ပျိုးခဲ့ရာမှ ယခုနှစ်အတွင်း၃၃၂၂ဧကကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ စုစုပေါင်းမိုးစပါးဧက၄၇၇၈၆ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၁၆)**

ပန်းအလှပင်များ ညောင်ရွှေ၌ စိုက်ပျိုး

ညောင်ရွှေ ဇွန် ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့်တာဝန်ခံ အင်ဂျင်နီယာဦးခင်မောင်တိုးတို့ဦးဆောင်ကြီးကြပ်၍ ရုံးဝန်ထမ်းများသည် မေ၂၈ရက်က မြို့ကျက်သရေဆောင် ရတနာမာန်အောင်စေတီတော်ကြီး၏ အရှေ့မြောက်ထောင့်၌ မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ **(၀၂၁)**

စုပေါင်းဆောင်ရွက်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက်မေ၂၉ရက်ကသန့်ရှင်းရေး စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ရခိုင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ မေ၂၁ရက်က ဘူးသီးတောင်စည်ပင် သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်း အောင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်း တို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် ရမည်းသင်း၌ ငွေနှင့် အဝတ်အထည်များ လှူဒါန်း

ရမည်းသင်း ဇွန် ၆

လေဘေးသင့်ပြည်သူများအတွက် ရမည်းသင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာ အသင်းအဖွဲ့အစည်းများမှ ပြည်သူများ စေတနာအလျောက် ငွေကြေးနှင့်အဝတ်အထည်များကို ရမည်းသင်းမြို့နယ် လေဘေးသင့်သူများ ကူညီရေးစခန်းဖွင့်လှစ်ထားသော မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လာရောက်လှူဒါန်းလျက်ရှိရာ မေ၂၆ရက်အထိ မြို့နယ်တွင်းပြည်သူများလာရောက်လှူဒါန်းသည့် ငွေကျပ် ၂၀၈၅၅၈၀၀ နှင့် အဝတ်အထည်မျိုးစုံ အထုပ်ပေါင်း၁၁၄ ထုပ်ကို မေ၂၇ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးညီညီအောင်က တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၆၉)

စက်ချုပ်နှင့် အိမ်တွင်းလက်မှုလုပ်ငန်းသင်တန်း ဘားအံ၌ဖွင့်

ဘားအံ ဇွန် ၅

ကရင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၇)၊ အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ် (၁၄)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်း အမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲကို မေ ၂၀ ရက် နံနက်၈ နာရီက ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည် ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး အမှာစကားပြောကြားပြီး(ယာပုံ)အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအား ကြက်သွန်နီ ၇၂ ပိဿာ၊ အာလူး ၈၇ပိဿာ၊ ဆီ ပိဿာ၂၀၊ ငါးပိ ပိဿာ ၂၀နှင့် ပဲဝါခြမ်း နှစ်အိတ် စုစုပေါင်းတန်ဖိုးငွေ ၂၉၅၄၃၈ ကျပ်ရှိ စားကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုင်းလပ်မြို့ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်ရှိပြည်သူများသောက်သုံးရေ ဖူလုံရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ဂါလန် ၄၅၀၀၀ဆံ့ ရေဝေကန်မှရေများ ဖြန့်ဖြူးပေးလျက်ရှိရာ ဧပြီ ၃၀ ရက်က ရေပို့ပိုက်လိုင်းများ ရေယိုစိမ့်မှု မရှိစေရေးနှင့် ရေဘားအဖွင့်၊အပိတ် ကောင်းမွန်စေရေးတို့ကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ တာဝန်ခံ ဦးအောင်ရွှေ ကြီးကြပ်ပေးစဉ်။ (နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာပန်းခြံအတွင်း သာယာလှပရေးနှင့် ပန်းအလှပင်များစိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်က ပန်းခြံလှည့်လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ငူ ဇွန် ၁၀

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွမ်းခွန်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

အခမ်းအနားတွင် ပဲခူးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ငွေက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ တောင်ငူမြို့နယ် အထွေထွေရောဂါကုဆေးရုံမှ ဒေါက်တာခင်လေးရီက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောပြီး ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းအဆင့် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ကျွေးမွေး

ထို့နောက် နာယကနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိအဘိုး၊အဘွားများအား နေ့လယ်စာဖြင့် အာဟာရ ကျွေးမွေးလှူဒါန်းကြသည်။ **(တိုင်း ထွေ/အုပ်ဦးစီး)**

လက်အိတ်များထောက်ပံ့

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင် ဈေးအတွင်း သား၊ငါးများစနစ်တကျ ရောင်းချခြင်း ရှိမရှိကို ဒုတိယ ဦးစီးမှူး(ဈေး)နှင့် ကျန်းမာရေးမှူးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက လက်အိတ်များကို ဖြန့်ဝေပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့အခမ်းအနား မိုင်းဆတ်၌ ကျင်းပ

မိုင်းဆတ် ဇွန် ၁၀

မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်အောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့် ကျောင်းသားများအတွက် နိုင်ငံတော်က ထောက်ပံ့သည့် ဖတ်စာအုပ်အစုံ ၈၀၀ ကို လည်းကောင်း၊ ချို့တဲ့ကလေးငယ်များအတွက် ပညာသင်ထောက်ပံ့ကြေးအလှူငွေကျပ် လေးသိန်းခွဲကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ဆရာဆရာမများက လက်ခံယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအထိ

၁၆-၆-၂၀၀၈(တနင်္လာနေ့)

☐ Research Methodology (3) + (4)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Psycholinguistics (1) + (2)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

၁၇-၆-၂၀၀၈(အင်္ဂါနေ့)

☐ Teaching Business English (1,2)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Teaching Business English (3)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

၁၈-၆-၂၀၀၈(ဗုဒ္ဓဟူးနေ့)

☐ Psycholinguistics (3,4,5)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Error Analysis(1,2,3)
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

၁၉-၆-၂၀၀၈(ကြာသပတေးနေ့)

☐ Teaching Literature as Resource in Language Classrooms
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Promoting Reading Skills
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

၂၀-၆-၂၀၀၈(သောကြာနေ့)

☐ Teaching Listening Skills
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Developing Speaking Skills
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

☐ Developing Reading Skills
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာဆရာမများ

၂၁-၆-၂၀၀၈(စနေနေ့)

☐ ဘာသာဆောင်းပါးလာ ဥပမာစကားနှင့် မွေးစားစကားလုံးများအကြောင်း
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ မွေ့နွန်းရကန်မှ စာဆိုရွှေတောင်နန္ဒသူ၏ အရေးအဖွဲ့စွမ်းရည်
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဝေါဟာရတ္ထပကာသနီ
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ရွှေပြည်စိုးဝတ္ထုမှ ဇာတ်ဆောင်စရိုက်
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ မြန်မာရသစကားပြေ
- ဒုတိယနှစ် ရသစာပေ အရေးအသားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဆရာဇော်ဂျီ၏ ပန်းပန်လျက်ပဲ ကဗျာနှင့် စွမ်းရည်အလှကဗျာတို့မှ ရသမြောက်ကဗျာအတွေးအရေး
- ဒုတိယနှစ် ရသစာပေ အရေးအသားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ မြန်မာစာဂုဏ်ထူး ပထမယူသူ
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၂-၆-၂၀၀၈(တနင်္ဂနွေနေ့)

☐ နေရီရီဝတ္ထု
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ မင်းအနန္တသူ(လေးမျက်နှာဘုရား) ကျောက်စာ
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ကိုးခန်းပျို့လာ ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့စွမ်းရည်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ သဒ္ဒဗေဒ
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဘာသာဗေဒရှုထောင့်မှ စကားလုံးလေ့လာချက်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ အိန္ဒိယစာပေသမိုင်း
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ စာဆိုနဝဒေးကြီး၏ မြစ်ရတုလျှင်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။